# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၄)ရက် ၊ သောကြာနေ့ ၊ (13-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၆၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃)ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့်ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# NCA နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြု

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ခေတ်အဆက်ဆက် အစိုးရများက တောတွင်းလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ခြင်း၊ နိုင်ငံရေးသဘောဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခြင်း စသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဖိတ်ခေါ်ဆောင်ရွက်ခဲ့သော်လည်း ငြိမ်းချမ်းရေးခရီးနှင့် အလှမ်းဝေးခဲ့ပေသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန်နှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်စေရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပါစာချုပ်ပါ အချက်အလက်အများစုသည် စာချုပ်ရေးဆွဲသည့်ကာလ တစ်လျှောက် အတူတကွပါဝင်ခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ တောင်းဆိုချက်များကို အဓိကအခြေခံရေးဆွဲခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှစ်နှစ်နီးပါးကြာ အချိန်ယူ ရေးဆွဲခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အပြီးသတ်အတည်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသဖြင့် ယခုအခါ NCA တွင် လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီဖြစ်သည်။

NCA စာချုပ်သည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ချုပ်ဆိုခဲ့သည့် အမြင့်ဆုံးစာချုပ်တစ်ခုဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်အစိုးရတို့ ချုပ်ဆိုထားသည့် ကတိကဝတ်လည်းဖြစ်သည်။ NCA စာချုပ်သည် မြန်မာနိုင်ငံအတွက် အရေးတကြီးလိုအပ်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိကအကျဆုံးအခြေခံလုပ်ဆောင်ရမည့် အချက်ဖြစ်သည်။ NCA စာချုပ်သည် တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းက ရေးဆွဲထားခြင်းမဟုတ်ဘဲ တိုင်းရင်းသားညီအစ်ကိုများဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကနဦးအဆိုပြုချက်များအပေါ် အခြေခံပြီး အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားသည့် စာချုပ်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာရှိ နိုင်ငံအချို့နှင့် အဖွဲ့အစည်းအသီးသီးတို့က အသိအမှတ်ပြုပါဝင်လက်မှတ်ရေးထိုးထားသည့် စာချုပ်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် (၈) နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်သည်။ NCA သည် ပြည်တွင်း၊ ပြည်ပအသိသက်သေများရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်စာချုပ်တစ်ခုဖြစ်သောကြောင့် မည်သည့်အခါမျှ ပျက်ပြယ်ခြင်းမရှိသည့် ထာဝရငြိမ်းချမ်းရေးအတွက် အဓိကကျသောစာချုပ်ဖြစ်ပါကြောင်း NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။

## မန္တလေး သီရိမာလာကုန်စိမ်းဈေးအတွင်း တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးအတွင်း တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးအတွင်း တရုတ်ကြက်သွန်ဖြူများ နေ့စဉ် ခြောက်ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ တရုတ်ကြက်သွန်ဖြူများသည် ဈေးကွက်သို့ လိုင်လိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ ဈေးနှုန်းများမှာ အရွယ်အစားပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၇၃၀၀ ထိ ရောင်းချနေရကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းကို တရုတ်ကြက်သွန်ဖြူတွေ ဝင်ရောက်လာပြီး ဈေးကောင်းရနေပါတယ်။ ဈေးကွက်အတွင်းကို တရုတ်ကြက်သွန်ဖြူတွေ နေ့စဉ် လိုင်လိုင်ဝင်ရောက်နေပြီး ပြည်တွင်းကထွက်တဲ့ ကြက်သွန်ဖြူတွေက ဝင်ရောက်မှု နည်းသွားပါတယ်။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူဈေးကောင်းရနေပါတယ်။ အခြားသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ပိုလ်စားပဲ၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ စတဲ့သီးနှံတွေလဲ ရောင်းအားကောင်းနေပါတယ်" ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

ကြက်သွန်ဖြူများသည် တရုတ်နိုင်ငံမှဝင်ရောက်လာသည့်အပြင် ပြည်တွင်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

## မြို့နယ် ငါးမြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစုက အသင်းသားတောင်သူများကို ငွေကျပ်သန်း ၄၆၀ ကျော် ထုတ်ချေးပေးပြီးဖြစ်



**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစုက သမဝါယမအသင်းသား တောင်သူများကို အသင်းပိုင်ငွေဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန် ငွေကျပ်သန်း ၄၆၀ ကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

မြို့နယ်သမဝါယမအသင်းစုသည် အသင်းပိုင်ငွေများဖြင့် မိုးစပါးစိုက်ပျိုးရန် မြို့နယ် ငါးမြို့နယ်ရှိ သမဝါယမအသင်း ၂၉ သင်း၊ အသင်းသားတောင်သူ ၆၀၂ ဦး၊ မိုးစပါး ၁၇၃၃ ဧကအတွက် ချေးငွေများကို ဇူလိုင်လအတွင်းမှစ၍ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ချေးပေးခဲ့ရာ ယနေ့ထိ ငွေကျပ် ၄၆၁ ဒသမ ၆၄၃ သန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"မြို့နယ်သမဝါယမအသင်းစုတွေရဲ့ ကိုယ်ပိုင်ငွေနဲ့ အသင်းပိုင်ငွေတွေ ထုတ်ချေးပေးတာဆိုရင် မြို့နယ် ငါးမြို့နယ်က အခြေခံသမဝါယမအသင်းသားတောင်သူတွေကို ပေးတာပါ။ မိုးစပါးတွေကို အောင်မြင်စွာစိုက်ပျိုးနိုင်ဖို့အတွက်ပါ။ မိုးစပါးစိုက်ဧက ၁၇၀၀ ကျော်အတွက် ထုတ်ချေးပေးတာပါ။ တောင်သူတွေအနေနဲ့ ချေးငွေတွေကို မိုးစပါးစိုက်ဧကတွေမှာ မှန်မှန်ကန်ကန် ထိထိရောက်ရောက် သုံးစွဲဖို့လိုပါတယ်။ အားလုံးကို ချေးပေးပြီးသွားပါပြီ။ အတိုးနှုန်းကတော့ တစ်ကျပ်နှုန်းယူပါတယ်။ ပြန်ဆပ်ကာလကတော့ ခြောက်လတစ်ကြိမ်ဖြစ်ပါတယ်"ဟု ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးသော မြို့နယ် ငါးမြို့နယ်မှာ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ညောင်ဦးမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

## မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးကားဈေးကွက်တွင် ညာမောင်းကားများ ဈေးနှုန်းကျဆင်းလာပြီး ငွေကျပ်သိန်း ၂၅၀ ခန့်ကားများ အရောင်းအဝယ်ဖြစ်နေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ပြည်တွင်းတပ်ဆင်ထုတ်လုပ်ထားသည့် SKD (Semi Knocked Down) ကားများလည်း ဈေးကျလာပြီး ငွေကျပ်သိန်း ၁၀၀၀ အောက် ကားများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

နံပါတ်ထွက်ပြီး တစ်ပတ်ရစ် ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ် အေးနေကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြားရှိ ကားများ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ပွိုင့်သရီးကား အမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝှစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၉၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၇၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူး ကားများတွင်လည်း Manual ငွေကျပ် ၁၃၅ သိန်း၊ Auto ငွေကျပ် သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ် ရှိနေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ရှိလာသော်လည်း ဝယ်ရောင်းများအနေဖြင့် ဆိုင်ကယ်များ ရှာရခက်လာခြင်းကြောင့် တစ်ပတ်ရစ်ဆိုင်ကယ်များ ဈေးမြင့်တက်နေပြီး အသစ်ဘီးများ အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၂၅ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၁ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၇ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းခန့်၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125R/CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၈ သိန်းမှ ၂၃ သိန်း ၅ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကွမ်းလုံမြို့နယ် ရှောက်မြင်ကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကွမ်းလုံ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် တုံကျက်ကျေးရွာအုပ်စု ရှောက်မြင်ကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ရှောက်မြင်ကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားသည်။

ကွမ်းလုံမြို့နယ် ရှောက်မြင်ကြိုင်ကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ခြောက်သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ပြောပြ၍သိရသည်။ **အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးတင်သိန်းမောင်-ဒေါ်မြွေးမြွေး မိသားစုက ကွယ်လွန်သူနှစ်ပါးမိဘများအား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၂၁၆၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၂၁၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၆၇၀၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၁၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးမြို့နယ်မှာ မိုးနှမ်းဧက ၂၆၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးနှမ်းဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ နှမ်းစိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်နဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် တောင်သူများအကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပန်းတော်ပြင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာမေွာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်းနှင့် အတိုးဆပ်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပန်းတော်ပြင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၉ ဒသမ ၉၉၅ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၉ ဒသမ ၉၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# ပုဏ္ဏားကျွန်းမြို့နယ် ခဲမောင်းတောကျေးရွာ၌ CFW စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း(CFW) အကောင်အထည်ဖော်ဆောင်ရွက်မည့် ခဲမောင်းတောကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိန္ဒာကျော်က အမှာစကားပြောကြားပြီး ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်ကျော်ငြိမ်းက လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း(CFW) ရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက လုပ်အားခပေးဖွံ့ဖြိုးရေး စီမံကိန်း(CFW) ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိန္ဒာကျော်နှင့်တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ခဲမောင်းတောကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်အားခပေးဖွံ့ဖြိုးရေး စီမံကိန်း(CFW) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ကို အသုံးပြု၍ ကျေးရွာ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အိန္ဒာကျော်က ပြောပြ၍ သိရသည်။

**ကိုသန်း**



# အားမာန်ပြည့်ခိုင် စွမ်းဆောင်နိုင် ရင်ဆိုင်မြဲပေ တပ်မတော်(လေ)

ရွှေညာမြေမြတ်သင်းကြိုင်

လေသူရဲဟူသည် "PILOT"ဟူသော အင်္ဂလိပ်စကားလုံးဖြစ်သည်။ အက္ခရာတစ်လုံးစီကို ခွဲခြမ်းစိတ်ဖြာအဓိပ္ပာယ်ဖော်ကြည့်နိုင်ပေသည်။ "P" သည် "Personality" ကိုယ်ရည်ကိုယ်သွေးမြင့်မားခြင်းကို အဓိပ္ပာယ်ဖော်ဆောင်ပါသည်။ "I" မှာ "Intelligence" ထိုးထွင်းဉာဏ်ထက်မြက်ခြင်းကို ဆိုလိုပါသည်။ "L" မှာ "Loyalty" သစ္စာရှိခြင်းကို ကိုယ်စားပြုပြီး "O" သည်ကား "Obedience" အမိန့်နာခံတတ်ခြင်းနှင့် "T" မှာ "Tenacity" ဇွဲ၊ လုံ့လရှိခြင်း စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာနားလည်သိရှိရပါသည်။ ထို့ကြောင့် လေသူရဲတစ်ဦးချင်းစီသည် ကိုယ်ရည်ကိုယ်သွေးမြင့်မားသူ၊ ထိုးထွင်းဉာဏ်ထက်မြက်သူ၊ အထက်အကြီးအကဲများ၏အမိန့်ကို နာခံတတ်သူ၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသူ စသည့်အရည်အချင်းများနှင့် ပြည့်စုံသူဟု ဆိုရမည်ဖြစ်သည်။

လေသူရဲတစ်ဦး၏ အဓိကထိန်းသိမ်းစောင့်ရှောက်ရမည့်ဂုဏ်မှာ ပျံသန်းမှုအရည်အသွေး၊ ပျံသန်းမှုအရည်အချင်းဟု ဆိုရပေမည်။ ပျံသန်းမှုအရည်အသွေး၊ အရည်အချင်းကောင်းမွန်ရေးအတွက် ပျံသန်းမှုဆိုင်ရာနည်းစနစ်များကို နားလည်ရမည်ဖြစ်သည်။ နားလည်သည့်အတိုင်းလည်း ကျွမ်းကျင်အောင်လေ့ကျင့်ရမည်ဖြစ်သည်။ ပျံသန်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်းတိကျစွာလိုက်နာရမည်ဖြစ်သည်။ လုပ်ဆောင်ရမည့်နည်းစနစ်များကို အစီအစဉ်ကျနစွာလုပ်ဆောင်တတ်ရမည်ဖြစ်သည်။ ပျံသန်းရေးဆိုင်ရာဗဟုသုတများ တိုးတက်ရေးကိုလည်း အစဉ်တစိုက်လေ့လာမှတ်သားနေရမည်ဖြစ်သည်။ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ လေယာဉ်၊ ရဟတ်ယာဉ်များကို မျက်ခြည်မပြတ်လေ့လာနေရမည်ဖြစ်သည်။ လေသူရဲတစ်ဦးအနေဖြင့် ပျံသန်းမှုအရည်အချင်းမြင့်မားနေမှသာ ပျံသန်းရေးတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ပေမည်။ နိုင်ငံတော်က ပေးအပ်လာသည့်ပျံသန်းရေးတာဝန်များ၊ စစ်ဆင်ရေးတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ တာဝန်များကို အန္တရာယ်ကင်းရှင်းစွာ အောင်မြင်ပြီးမြောက်စေနိုင်ရန်မှာ ပျံသန်းမှုအရည်အချင်းမြင့်မားရမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန်အတွက် လေယာဉ်မောင်းသင်တန်း စတင်တက်ရောက်သည်မှ အလေးအနက်ထား သင်ယူကြရမည်။

လေသူရဲတစ်ဦးအနေဖြင့် လေယာဉ်၊ ရဟတ်ယာဉ်နှင့်ပတ်သက်သည့် အခြေခံအချက်အလက်များကိုလည်း သိရှိထားရပေမည်။ လေယာဉ်၊ ရဟတ်ယာဉ်ဆိုရာ၌ အစိတ်အပိုင်းများ ပေါင်းစုဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ လေယာဉ်၏အင်ဂျင်အစိတ်အပိုင်း၊ လျှပ်စစ်အစိတ်အပိုင်း၊ ချိန်ခွက်အစိတ်အပိုင်း၊ ကိုယ်ထည်အစိတ်အပိုင်း၊ ရေဒီယိုဖွဲ့တည်မှု၊ လေယာဉ်၌ တပ်ဆင်အသုံးပြုသည့် လက်နက်ခဲယမ်းများ၊ အီလက်ထရွန်နစ်ဆိုင်ရာအစိတ်အပိုင်းများ၏ အခြေခံသဘောတရားကို နားလည်ထားရမည်ဖြစ်သည်။ တိုးတက်ပြောင်းလဲလာသည့်နည်းစနစ်များ၊ လေယာဉ်၊ ရဟတ်ယာဉ်စွမ်းပကားများ၊ ရေဒါဆိုင်ရာအတတ်ပညာများ၊ ကွန်ပျူတာနည်းစနစ်များ စသည်တို့ကိုလည်း လေ့လာဆည်းပူးထားရမည်ဖြစ်သည်။ တာဝန်တစ်ရပ်ကိုအချိန်မရွေးထမ်းဆောင်ကြရမည်ဖြစ်ရာ မိုးလေဝသဆိုင်ရာပညာရပ်များကိုလည်း လေ့လာထားရမည်ဖြစ်သည်။

လေသူရဲလောင်းတစ်ဦးအနေဖြင့် ကျန်းမာရေးမှအစ စစ်ဆေးခံခဲ့ရပြီးဖြစ်သည်။ လေယာဉ်သားလောင်းသင်တန်း၊ အခြေခံလေယာဉ်မောင်းသင်တန်း၊ တန်းမြင့်လေယာဉ်မောင်းသင်တန်း စသည်ဖြင့် အဆင့်ဆင့်တက်ရောက်အောင်မြင်ပြီးမှသာ ရွှေတောင်ပံကို ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ မိမိတို့တာဝန်ကျရာ လေတပ်စခန်းဌာနချုပ်များ၌ သက်ဆိုင်ရာလေယာဉ်၊ ရဟတ်ယာဉ်လွှဲပြောင်းသင်တန်းများတက်ရောက်ကြရမည်ဖြစ်သည်။ အရည်အသွေး၊ အရည်အချင်းတိုးတက်မြင့်မားရေးကြိုးပမ်းကြရပေမည်။ စစ်ဆင်ရေးတာဝန်များ အချိန်မရွေးထမ်းဆောင်နိုင်ရေး လေ့ကျင့်ထားရပေမည်။ စစ်ဆင်ရေးလွှဲပြောင်းသင်တန်းများ၊ ကြည်း၊ ရေ၊ လေ ပူးပေါင်း၍ စစ်ဆင်ရေးလေ့ကျင့်ခန်းများ၊ ဇာတ်တိုက်လေ့ကျင့်ခန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပါက ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခန်းများ၊ အမြောက်၊ သံချပ်ကာယန္တရားတပ်များဖြင့် ပူးပေါင်းလေ့ကျင့်ခန်းများကို ဆောင်ရွက်ဇာတ်တိုက်လေ့ကျင့်ထားရမည်ဖြစ်သည်။ လေသူရဲတစ်ဦးအနေဖြင့် အချိန်ပြည့်စစ်ဆင်ရေးအသင့်ရှိနေရမည်မှာ တပ်မတော်(လေ)၏ အဓိကတာဝန်ပင်ဖြစ်သည်။ လေယာဉ်မောင်းသင်တန်းဆင်းပြီး လေသူရဲတစ်ဦးအနေဖြင့် ဆက်လက်လျှောက်လှမ်းရမည့်ခရီးကား ရှည်လျားလှပေသည်။ တာဝန်ကျရာလေတပ်စခန်းဌာနချုပ်၊ ပျံသန်းရေးအုပ်ရှိ သက်ဆိုင်ရာလေယာဉ်၊ ရဟတ်ယာဉ်ဖြင့် လွှဲပြောင်းသင်တန်း ဦးစွာတက်ရောက်ရမည်။ တွဲဖက်ရဟတ်ယာဉ်မှူးအဖြစ်လိုက်ပါပျံသန်းနိုင်ရေး လေ့ကျင့်ရမည်ဖြစ်သည်။ ပျံသန်းနာရီသတ်မှတ်ချက်ပြည့်မီပါက အရည်အသွေးအဆင့်(ဂ)၊ (ခ)၊ (က) စသည်ဖြင့် အဆင့်ဆင့်ကြိုးစားပျံသန်းကြရမည်။

> ❖ လေသူရဲတစ်ဦး၏ အဓိကလုပ်ငန်းတာဝန်မှာ ပျံသန်းရေးတာဝန်ပင်ဖြစ်သည်။ မိမိအား ပေးအပ်သည့်တာဝန်ကို ပြီးမြောက်အောင်မြင်ရေး ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ နိုင်ငံတော်က ပေးအပ်သည့် ပျံသန်းရေးတာဝန်များကို စွန့်လွှတ်စွန့်စားသည့်စိတ်ဖြင့် အောင်မြင်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပျံသန်းမှုအတတ်ပညာများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လေ့လာနေကြရမည်။ တတ်မြောက်ပြီးပညာများကိုလည်း လက်ဆင့်ကမ်းမျှဝေပေးရမည်ဖြစ်သည်။ တပ်မတော်(လေ)က အားထားရသည့် လေသူရဲတစ်ဦးဖြစ်ရေး ဦးတည်ချက်ထား ဆောင်ရွက်ရမည်။ ❖

လေသူရဲတစ်ဦး၏ အဓိကလုပ်ငန်းတာဝန်မှာ ပျံသန်းရေးတာဝန်ပင်ဖြစ်သည်။ မိမိအား ပေးအပ်သည့်တာဝန်ကို ပြီးမြောက်အောင်မြင်ရေးထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ နိုင်ငံတော်ကပေးအပ်သည့် ပျံသန်းရေးတာဝန်များကို စွန့်လွှတ်စွန့်စားသည့်စိတ်ဖြင့် အောင်မြင်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပျံသန်းမှုအတတ်ပညာများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လေ့လာနေကြရမည်။ တတ်မြောက်ပြီးပညာများကိုလည်း လက်ဆင့်ကမ်းမျှဝေပေးရမည်ဖြစ်သည်။ တပ်မတော်(လေ)က အားထားရသည့် လေသူရဲတစ်ဦးဖြစ်ရေး ဦးတည်ချက်ထား ဆောင်ရွက်ရမည်။ ပျံသန်းမှုစည်းကမ်းများကို တိကျစွာလိုက်နာရမည်။ တိုးတက်လာသည့်ခေတ်စနစ်နှင့်အညီ ပျံသန်းမှုနည်းပညာရပ်များကို လေ့လာဆည်းပူးနေရမည်။ မိမိတို့တပ်မတော်(လေ)ရှိ လေယာဉ်၊ ရဟတ်ယာဉ်များသာမက ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့တိုင်းပြည်အသီးသီးတွင် အသုံးပြုနေသည့် လေယာဉ်၊ ရဟတ်ယာဉ်များ၏ စွမ်းပကားများကိုလည်း လေ့လာနေရမည်ဖြစ်သည်။ မိမိကိုင်တွယ်မောင်းနှင်နေရသည့် လေယာဉ်၊ ရဟတ်ယာဉ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်ပျံသန်းနိုင်ရေး အထူးအလေးထား လေ့ကျင့်ထားရမည်ဖြစ်သည်။ အချိန်တိုင်း၊ နေရာတိုင်းတွင် ပျံသန်းရေးစိတ်ဓာတ်မြင့်မားနေရမည်ဖြစ်သည်။ လေယာဉ်၊ ရဟတ်ယာဉ်တစ်စင်းကို ရည်မှန်းချက်ပန်းတိုင်သို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းမောင်းနှင်နိုင်ရမည်ဖြစ်သည်။

မည်သည့်လုပ်ငန်းရပ်မဆို အန္တရာယ်ဟူသည် ပေါ်ပေါက်တတ်စမြဲဖြစ်သည်။ လေယာဉ်ပျံသန်းမှုမှာ ကမ္ဘာ့ဆွဲအားကိုဆန့်ကျင်လျက် လေထဲတွင် အရှိန်အဟုန်တစ်ခုဖြင့် လျှပ်ရှားသွားလာနေရခြင်းဖြစ်သည်။ အန္တရာယ်ဟူသည် အချိန်မရွေး၊ နေရာဒေသမရွေး ပေါ်ပေါက်လာနိုင်ပေသည်။ လေယာဉ်ပျံသန်းမှုမှာ သက်မဲ့စက်တပ်လေယာဉ်ကို လူကိုယ်တိုင် လိုက်ပါပျံသန်းနေရခြင်းဖြစ်သည်။ မတော်တဆထိခိုက်မှု၊ မတော်တဆဖြစ်ပွားမှု၊ ပျက်စီးမှုတို့ကို ရင်ဆိုင်နိုင်ရသည်ကို ကြိုတင်တွက်ဆထားရပေသည်။ ကြိုတင်ကာကွယ်နိုင်သည့်ကိစ္စရပ်များ၊ တားဆီးနိုင်သည့်အခြေအနေများကို တားဆီးကာကွယ်ရမည်ဖြစ်သည်။ လုံးဝကင်းလွတ်သွားစေရေးအတွက် ရှောင်ရှား၍ရနိုင်သကဲ့သို့ ရှောင်ရှား၍မရနိုင်သည်များလည်း ကြုံတွေ့နိုင်ပေသည်။ သို့သော် လေသူရဲတစ်ဦးအနေဖြင့် SAFETY MINDED ရှိရန် လိုအပ်လှပေသည်။ မတော်တဆမှုကို အတတ်နိုင်ဆုံးလျှော့ချပစ်နိုင်ရေး ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ လေသူရဲသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိနှင့်ပတ်သက်ဆက်နွယ်နေသည့် ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ဘေးအန္တရာယ်ကင်းဝေးစေရေး အစဉ်အမြဲနှလုံးသွင်းထားရမည်ဖြစ်သည်။ လေယာဉ်ပျံသန်းမှုနှင့်ဆက်စပ်နေသည့်ကိစ္စအဝဝကို သတိရှိရှိ လုပ်ကိုင်ဆောင်ရွက်တတ်ရေး အစဉ်လေ့ကျင့်နေရမည်ဖြစ်သည်။ လေသူရဲတစ်ဦးတည်းသာမက အတူယှဉ်တွဲလုပ်ဆောင်နေရသူများလည်း SAFETY MINDED ရှိရန်လိုအပ်လှပေသည်။ လေယာဉ်တစ်စင်းပျံသန်းမှုအတွက် ဆောင်ရွက်နေကြရသည့် Ground crew များ၊ လေကြောင်းလမ်းပြများ၊ လေကြောင်းအချက်ပြများ၊ လေကြောင်းစက်ပစ်များ၊ လေကြောင်းရွှေ့ပြောင်းရေးစစ်သည်များစသည့် Aircrew များနှင့် လေကြောင်းထိန်းစစ်သည်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၌ လက်နက်ခဲယမ်းများကို ကိုင်တွယ်တပ်ဆင်နေရသည့် အရာရှိ၊ စစ်သည်များ စသည့် အရာရှိ၊ စစ်သည်များအားလုံး SAFETY MINDED ရှိရန်ဖြစ်သည်။ ထိုသို့ Ground crew များနှင့် Aircrew များအားလုံး SAFETY MINDED ရှိမည်ဆိုလျှင် ကျရောက်နိုင်သည့်ဘေးအန္တရာယ်ကို ကာကွယ်တားဆီးလျှော့ချပစ်နိုင်မည်ဖြစ်သည်။

မတော်တဆထိခိုက်မှု၊ ဖြစ်ပွားမှုကို အဓိကဖြစ်စေနိုင်သည့်အကြောင်းရင်းများမှာ Man, Machine, Media ဟူ၍ဖြစ်သည်။ ထိုအကြောင်းရင်းသုံးရပ်ဖြစ်သည့် လူ၊ စက်ပစ္စည်းနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေတို့တွင် "လူ"သည် အဓိကကျလှပေသည်။ စက်ပစ္စည်းအပိုင်းကိုလည်း "လူ"က ကြိုတင်စစ်ဆေးပြုပြင်နိုင်သည်။ ကြိုတင်တားဆီးကာကွယ်နိုင်သည်။ သဘာဝပတ်ဝန်းကျင်အခြေအနေကိုလည်း "လူ"ကပင် ကြိုတင်တွက်ဆပြီး ကာကွယ်တားဆီးနိုင်ပေသည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် လေသူရဲတစ်ဦးတွင် ရှိပြီးဖြစ်သည့် အရည်အသွေး၊ အရည်အချင်းများသာမက "ဗလငါးတန်"နှင့်ပြည့်စုံနေရန်လည်း လိုအပ်လှပါသည်။ သို့အတွက် လေယာဉ်မောင်းသင်တန်းကျောင်းတော်ကြီးက လေသူရဲလောင်း မောင်၊ မယ်များကို "ဗလငါးတန်"နှင့်ပြည့်စုံရေး ဖြည့်ဆည်းပေးလျက်ရှိသည်။

ဗလငါးတန်ဆိုရာ၌ "ဗလ"ဟူသည် "ခွန်အား"ဖြစ်သည်။ "ငါးတန်"မှာ "ငါးမျိုး"ဟု အဓိပ္ပာယ်ရှိရာ ခွန်အားငါးမျိုးဟု အဓိပ္ပာယ်ရရှိပါသည်။ လူတစ်ဦးတစ်ယောက်အတွက် ခွန်အားငါးမျိုးနှင့် ပြည့်စုံရန်ဆိုလိုခြင်းဖြစ်သည်။ ထိုခွန်အားငါးမျိုးမှာ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ ဘောဂဗလနှင့် စာရိတ္တဗလတို့ဖြစ်သည်။ တပ်မတော်(လေ)အနေဖြင့် လေသူရဲများကို လေယာဉ်မောင်းနည်းပညာသာမက ဗလငါးတန်နှင့်ပြည့်စုံစေရေးအတွက်လည်း အလေးထားဆောင်ရွက်သင်ကြားပို့ချလျက်ရှိသည်။ လေယာဉ်မောင်းသင်တန်းသားအရာရှိ၊ သင်တန်းသူအရာရှိများအနေဖြင့် လေသူရဲသင်တန်းကျောင်းဆင်းတောင်ပံအပ်နှင်းခံရပြီးချိန်၌ တာဝန်ကျရာလေတပ်စခန်းဌာနချုပ်များသို့သွားရောက်ပြီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ လေတပ်စခန်းဌာနချုပ်ရှိ အုပ်၊ တပ်၊ ကျောင်း၊ ဌာနများ၌ မျိုးဆက်သစ်စစ်သည်များကို ဆင့်ပွားလက်ဆင့်ကမ်းသင်ကြားပေးရမည်ဖြစ်သည်။ လေတပ်စခန်းဌာနချုပ်အသီးသီးရှိစစ်သည်များ ဗလငါးတန်နှင့်ပြည့်ဝနေစေရေး၊ ဗလငါးတန် ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားထည့်လုပ်ဆောင်သွားရမည်ဖြစ်သည်။

"ကာယဗလ"ဟုဆိုရာ၌ ကိုယ်ကာယခွန်အားပြည့်စုံရန်ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်နိုင်ခြင်း၊ ရောဂါဘယကင်းစင်ခြင်း၊ ကိုယ်ရောစိတ်ပါကျန်းမာသန်စွမ်းခြင်း၊ ကိုယ်စိတ်နှစ်ပါးကြံ့ခိုင်ခြင်း စသည်တို့ ပြည့်စုံရန်ဖြစ်သည်။

လေသူရဲတစ်ဦးသည် ပျံသန်းရေးတာဝန်ကို နေ့၊ ည အချိန်မရွေး ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ အချိန်ပြည့် ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်သည်။ ကိုယ်ခန္ဓာကြံ့ခိုင်နေမှသာ စိတ်ဓာတ်အင်အားကောင်းမည်ဖြစ်သည်။ စိတ်ဓာတ်အင်အားကောင်းနေမှသာ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချမှတ်နိုင်ပေမည်။ စစ်ဆင်ရေးများ၊ အရေးပေါ်အချိန်များတွင် ဆုံးဖြတ်ချက်မှန်ကန်စွာ မြန်မြန်ဆန်ဆန်ချမှတ်နိုင်ရန် လိုအပ်လှပေသည်။ ထို့ကြောင့် လေသူရဲတစ်ဦးအနေဖြင့် "ကာယဗလ"ခေါ်သည့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေးသည် အဓိကလိုအပ်လှပေသည်။ ကျန်းမာသန်စွမ်းရေးအတွက် အချိန်မှန်မှန်စားရပေမည်။ အိပ်ရေးဝဝအိပ်နိုင်ရေး အလေးထားဆောင်ရွက်ရမည်။ ဖြစ်နိုင်ပါက အရက်သေစာသောက်စားခြင်းမပြုဘဲ ရှောင်ရှားသင့်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းကိုလည်း လုံးဝရှောင်ရှားသင့်ပေသည်။ လိင်မှုကိစ္စအရာ၌လည်း လွန်ကဲမှုမရှိရန် ဂရုစိုက်ရပေမည်။ ရောဂါတစ်ခုခုဖြစ်ပွားပါက လေကြောင်းဆေးပညာ ဆရာဝန်နှင့်ပြသ၍ ဆေးကုသမှုခံယူကြရမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကို နေ့စဉ်ပုံမှန်ပြုလုပ်သွားသင့်ပေသည်။ ဤသို့ဆိုလျှင် ကိုယ်ကာယခွန်အားနှင့်ပြည့်စုံသူဖြစ်လာရန်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။

လေသူရဲတစ်ဦးအနေဖြင့် "ကာယဗလ"သာမက "ဉာဏဗလ"နှင့်ပြည့်စုံရန်လည်း လိုအပ်သည်။ အသိပညာ၊ အတတ်ပညာများကို အမြဲလေ့လာသင်ယူနေရမည်ဖြစ်သည်။ ဆည်းပူးဖြည့်ဆည်းနေရမည်ဖြစ်သည်။ ထိုသို့ လေ့လာဆည်းပူးနိုင်ရန်အတွက် အသိဉာဏ်ထက်မြက်နေရမည်ဖြစ်သည်။ မှတ်ဉာဏ်အားကောင်းနေရမည်ဖြစ်သည်။ လေသူရဲဟူသည် အသက်ခန္ဓာဖြင့်ရင်း၍ တာဝန်ထမ်းဆောင်နေရသူများဖြစ်သည်။ "အသက်ကိုဉာဏ်စောင့်"ဆိုသည့်စကားနှင့်အညီဉာဏ်ပညာကို အသုံးချတတ်ရမည်ဖြစ်သည်။ လုပ်ငန်းကိစ္စရပ်များကို ထိုးထွင်းသိမြင်နိုင်ရန် လေ့ကျင့်ကြရမည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ငါးခူပိဿာချိန် ၉၁၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ကျိုက်လတ် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးခူပိဿာချိန် ၉၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ငွေဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ငါးခူပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးခူပိဿာချိန် ၉၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသက ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာများတယ်။ ပြီးခဲ့တဲ့တစ်လအတွင်းက ငါးခူပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေဝယ်ယူမှုအပေါ် မူတည်ပြီး တင်ပို့ရောင်းချနေရတာဖြစ်ပါတယ်။ အရောင်းအဝယ်ကောင်းပေမဲ့ ဈေးကတော့ ပုံမှန်အခြေအနေမှာပဲ ရှိနေပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်တွေကို ဒေသဈေးအပြင် ရန်ကုန်မြို့ကိုတင်ပို့တာပါ။ ရန်ကုန်က ဈေးပိုရပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ငွေဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၉၉၀၀၀ မှ ငွေကျပ် ၁၂၀၀၀၀ ထိ ဈေးရှိကြောင်း၊ အဆိုပါ ငါးခူများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ငါးခူများ ဝယ်ယူအားကောင်းလာသည့်အတွက် ရေချိုငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပိုင်ရှင် ဒေါ်ငွေဝင်းကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



➤ စာမျက်နှာ ၄ မှအဆက်

လျှပ်တစ်ပြက် ဖြတ်ထိုးဉာဏ်ကောင်းအောင် တွေးတောကြံဆတတ်ရမည်။ နည်းလမ်းတကျစဉ်းစားတွေးခေါ်တတ်ရေး လေ့ကျင့်ရပေမည်။ ထိုကဲ့သို့သော လေသူရဲများဖြစ်လာစေရေးအတွက် လေယာဉ်မောင်းသင်ကျောင်းတော်ကြီးမှ အစဉ်အမြဲလေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ လေသူရဲလောင်းများကို မှတ်ဉာဏ်စွမ်းအားထက်မြက်သည့် လေသူရဲများအဖြစ် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ဗလငါးတန်ဆိုရာ၌ "မိတ္တဗလ"သည်လည်း အရေးပါလှပေသည်။ လူသားအချင်းချင်း ယုံကြည်လေးစားခြင်း၊ အားထားမြတ်နိုးတတ်စေခြင်း၊ တန်ဖိုးထားပေါင်းသင်းဆက်ဆံခြင်း၊ တစ်ဦးနှင့်တစ်ဦးပြောဆိုရာ၌ ပြေပြစ်စွာပြောဆိုတတ်ခြင်းတို့သည်လည်း လူ့အဖွဲ့အစည်း၊ လူ့ဘောင်လောက၌ လိုအပ်လှပေသည်။ လေသူရဲဟူသည်ကား လေယာဉ်၊ ရဟတ်ယာဉ်ပျံသန်းမှုနှင့်ပတ်သက်၍ များပြားလှသည့် Aircrew များ၊ Ground crew များဖြင့် ပြောဆိုဆက်ဆံနေကြရသူများဖြစ်သည်။ သို့ဖြစ်၍ "မိတ္တဗလ" မိတ်ဆွေအပေါင်းအသင်းတို့နှင့်ပတ်သက်သည့် ခွန်အားနှင့် ပြည့်စုံရန်လည်း အထူးလိုအပ်လှပါသည်။ အမိလေယာဉ်မောင်းသင်ကျောင်းတော်ကြီးသည်လည်း လိုလေသေးမရှိစေရေး လေ့ကျင့်သင်ကြားပေးလျက်ရှိနေပေသည်။

"ဘောဂဗလ"လူတစ်ဦးတစ်ယောက်အတွက် အသက်ရှင်သန်အသက်ရှည်စွာနေထိုင်ရေးတို့အတွက် အထူးလိုအပ်လှသည်။ မိမိတို့၏ အလုပ်များ၊ လုပ်ငန်းဆောင်တာများကို စည်းကမ်းစနစ်ကျနစွာလုပ်ဆောင်တတ်ရန်ဖြစ်သည်။ မိမိတတ်မြောက်ထားသောပညာရပ်ကို အသက်ရှင်သန်နေထိုင်နိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အကျိုးရှိစွာအသုံးချလုပ်ဆောင်သွားခြင်းသည် ပစ္စည်းဥစ္စာ၏ ခွန်အားပင်ဖြစ်သည်။ လေသူရဲတစ်ဦးသည်လည်း မိမိတတ်မြောက်ထားသည့် လေယာဉ်မောင်းအတတ်ပညာဖြင့် မိမိတစ်ဦးတစ်ယောက်၏ ဘဝရှင်သန်ရေးသာမက မိမိအဖွဲ့အစည်း၊ မိမိတပ်မတော်၊ အမိနိုင်ငံတော်ကြီးတို့ ရေရှည်တည်တံ့နေစေရေး၊ ပြည်သူပြည်သားတို့၏ ဘဝစည်းစိမ်ဥစ္စာတည်တံ့ခိုင်မြဲရေး၊ ဘဝလူနေမှုရှင်သန်သက်ရှည်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

"ဗလငါးတန်"၌ "စာရိတ္တဗလ"သည် အလွန်ပင်အရေးပါသည့် ခွန်အားတစ်ခုဖြစ်သည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်ရန် အရေးကြီးလှပါသည်။ မိမိ၏ ကိုယ်ကျိုးအတ္တစိတ်ကင်းရန်လိုအပ်သည်။ အများအကျိုးဆောင်ရွက်လိုသည့် ပရဟိတစိတ်ရှိရန်ပင်ဖြစ်သည်။ ဌာ၊ လဲ့လ၊ ဝီရိယရှိခြင်း၊ ပြည်သူ့နီတိကျင့်စဉ်၊ ဒီမိုကရေစီကျင့်ထုံးတို့နှင့်လည်း ပြည့်စုံခြင်းတို့သည် စာရိတ္တခွန်အားနှင့်ပြည့်စုံခြင်းဖြစ်သည်။ ကိုယ်ကျင့်တရား စာရိတ္တခွန်အားနှင့် ပြည့်စုံနေသူတစ်ဦးအနေဖြင့် ကိုယ်ကာယခွန်အားနှင့်ပြည့်စုံရန်လည်း မခက်ခဲတော့ပေ။ ဉာဏ်ပညာခွန်အား အသိပညာ၊ အတတ်ပညာများ ပြည့်စုံရန်အတွက်လည်း စာရိတ္တမဏ္ဍိုင်က ပံ့ပိုးသွားမည်ဖြစ်သည်။ မိတ်ဆွေပေါင်းသင်းဆက်ဆံခြင်း မိတ္တဗလနှင့်ပြည့်စုံရန်လည်း စာရိတ္တဗလကပင် အထောက်အကူပြုသွားမည်ဖြစ်သည်။ ဘောဂဗလနှင့် ပြည့်စုံရန်အတွက်လည်း "စာရိတ္တဗလ"ကပင် ပဲ့ကိုင်လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ ထိုသို့သော အကြောင်းအရာအချက်အလက်များကြောင့်ပင် လေယာဉ်မောင်းသင်တန်းကျောင်းတော်ကြီးသည် လေသူရဲလောင်းများကို "စာရိတ္တဗလ"မြင့်မားပြီး "ဗလငါးတန်"နှင့် ပြည့်စုံသူများအဖြစ် မွေးထုတ်ပေးခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

တပ်မတော်(လေ)၏ တစ်ခုတည်းသော လေယာဉ်မောင်းသင်တန်းကျောင်းတော်ကြီးတည်ရှိရာ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်ကြီးသည် မိတ္ထီလာမြို့၌ တည်ရှိနေပေသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်သည် အမှတ်စဉ် (၈၅) လေယာဉ်မောင်းသင်တန်းကျောင်းဆင်းပွဲနှင့် တောင်ပံအပ်နှင်းပွဲအခမ်းအနားကျင်းပသည့် နေ့ထူးနေ့မြတ်အခါသမယဖြစ်သည်။ တပ်မတော်(လေ)အတွက် အမျိုးသားလေသူရဲများ၊ အမျိုးသမီးလေသူရဲများ သွေးသစ်လောင်းသည့်နေ့ထူးနေ့မြတ်ဖြစ်သည်။ ဤနေ့ထူးနေ့မြတ်အခါသမယတွင် တပ်မတော်(လေ)၊ တပ်မတော်နှင့် အမိမြန်မာပြည်အတွက် အားကိုးအားထားရမည့် အမျိုးသားလေသူရဲများ၊ အမျိုးသမီးလေသူရဲများကို အင်အားဖြည့်တင်းပေးနိုင်ခဲ့ပြီဖြစ်သည်။ လေသူရဲဟူသည် ကိုယ်ရည်ကိုယ်သွေးမြင့်မားသူများ၊ ထိုးထွင်းဉာဏ်ထက်မြက်သူများ၊ သစ္စာရှိသူများ၊ အမိန့်နာခံတတ်သူများ၊ ဌာ၊ လဲ့လ၊ ဝီရိယရှိသူများဖြစ်ပေသည်။ တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်းကျောင်းတော်ကြီးက "ဗလငါးတန်"ပြည့်ဝသည့် လေသူရဲများဖြစ်စေရေး ထပ်မံဖြည့်စွက်သင်ကြားပေးလိုက်သည့်အတွက် တပ်မတော်(လေ)နှင့် အမိမြန်မာပြည်အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် လေသူရဲများဖြစ်ကြောင်း ချီးကျူးဂုဏ်ပြုရေးသားတင်ပြလိုက်ရပေသည်။

## နေအောင်လံလွှင့်ချီ ရွှေတောင်ပံဝင့်ပြီ

\- လေကြောင်းဆို ပညာရပ်
သင်စရာ အတတ်ဆိုလိုက်ချင်၊
မိုးမြင့်ကျယ် တိမ်လှိုင်းကြား
တိုးဝင်ကွယ် ချိန်မဆိုင်းသွား
စွန့်စား ထွက်ဝင်၊
မြေကြီးနဲ့ ကောင်းကင်
ပေါင်းယှဉ်လို့ကူးသန်း၊
ကြယ်စင်ပြက် ထက်လွှင်ပြင်
စက်ပစ္စတင် စွမ်းအင်များနဲ့
ဂျက်အင်ဂျင်တွန်းတင်အား
လှုပ်ရှားမဲ့လမ်း။

\- ပညာခေတ် မြတ်ဖော်အဆွေ
တပ်မတော်(လေ) ထင်ရှားအသင့်
သင်ကြားဖွင့် ကျောင်းမဟာ၊
ယနေ့ဆို ခုနစ်ဆယ့်သုံးနှစ်
ထွန်းသစ်ပြီ သမိုင်းတန်ဖိုး
မြင့်တိုးတက်လာ၊
"လေသူရဲကောင်း"များစွာ
ဤမြေမှာ မွေးဖွား၊
အမိနိုင်ငံ အခက်အရေးမချန်
အဖျက်ဘေးဒဏ် မကြောက်မရွံ့
သက်ပေးရန် နောက်မတွန့်
စွန့်လွှတ်စွန့်စား။

\- လေကြောင်းသင် အစဉ်လာသို့
ဆွေကောင်းသွင် ပညာပို့လေတဲ့
အကြင်နာမြို့ ထီလာမြေ၊
မောင်မယ်မသွေ တူညီမှန်းလို့
ဆောင်ရွက်အနေ မူတည်လှမ်း
သင်တန်းအမြဲတော၊
မျိုးဆက်သစ် "အနှစ်ရွှေ"
ခေတ်အမွေ ခွင့်အရေး၊
နှောင်တွဲအမှန် နေအောင်လံနဲ့
အောင်ပွဲခံ ရွှေတောင်ပံတို့
မိုးယံပြင် မော်ကွန်းသစ်ကို
ဖွင့်လှစ်ပြီလေး။ ။

**မောင်လတ်(ကမ်းရိုးတန်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင် ကာဂျစ်စတန်နိုင်ငံသို့ ရောက်ရှိ သမ္မတ ဆာဒီယာဂျာပါရော့ပ်နှင့်တွေ့ဆုံဆွေးနွေး



**ဘစ်ရှ်ကက် အောက်တိုဘာ ၁၂**

ရုရှားသမ္မတပူတင်သည် ယနေ့တွင်ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့သို့ ရောက်ရှိခဲ့ပြီး ကာဂျစ်စတန်သမ္မတ ဆာဒီယာဂျာပါရော့ပ်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ကာဂျစ်စတန်သို့ ရောက်ရှိနေစဉ်အတွင်း လွတ်လပ်သော နိုင်ငံများ၏ ဓနသဟာယ ထိပ်သီးညီလာခံသို့ တက်ရောက်မည်ဖြစ်သည်။

အဆိုပါ ထိပ်သီးညီလာခံသို့ အဇာဘိုင်ဂျန်၊ ဘီလာရုစ်၊ ကာဇက်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် ဥဇဘတ်ကစ္စတန်တို့မှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။

ကာဂျစ်စတန် ခရီးစဉ်သည် နိုင်ငံတကာ ရာဇဝတ်တရားရုံး (အိုင်စီစီ)က ယူကရိန်းပဋိပက္ခ စစ်ရာဇဝတ်မှုစွဲချက်ဖြင့် ဖမ်းဝရမ်းထုတ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံး ပြည်ပခရီးစဉ်လည်းဖြစ်သည်။

ထို့ပြင် သမ္မတပူတင်သည် ယခုလကုန်ပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်၍ တတိယမြောက် ရပ်ဝန်းနှင့်လမ်းနိုင်ငံတကာညီလာခံသို့တက်ရောက်မည်ဖြစ်သည်။

ကာဂျစ်စတန်နှင့် တရုတ်နိုင်ငံတို့သည် အိုင်စီစီဖွဲ့စည်းမှုစာချုပ်ဖြစ်သည့် ရောမစာချုပ်၌ ပါဝင်လက်မှတ်ထိုးထားခြင်း မရှိသည့်နိုင်ငံများဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌ ကလေးမွေးဖွားမှုနှုန်း စံချိန်တင်ကျဆင်း

**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်အတွင်း မွေးဖွားခဲ့သည့် ကလေးအရေအတွက်မှာ ယမန်နှစ်များနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းယနေ့သတင်းများအရ သိရသည်။

လူဦးရေ မညီမျှမှုပြဿနာကြောင့် ပြည်တွင်းကလေးမွေးဖွားမှုနှုန်းကိုမြှင့်တင်ရန် ကြိုးစားနေစဉ် ၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌မွေးဖွားခဲ့သည့် ကလေးအရေအတွက် စံချိန်တင်ကျဆင်းခဲ့ရခြင်းဖြစ်သည်။

တရုတ်အစိုးရ အမျိုးသားကျန်းမာရေးကော်မရှင်၏အဆိုအရ ၂၀၂၂ ခုနှစ်အတွင်း တရုတ်တစ်နိုင်ငံလုံး အတိုင်းအတာအရ ကလေး ၉ ဒသမ ၅၆ သန်းမွေးဖွားခဲ့ရာ မှတ်တမ်းစယူခဲ့သော ၁၉၄၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးကျဆင်းမှုဖြစ်သည်။

ကလေးမွေးဖွားစောင့်ရှောက်မှု စရိတ်ကြီးမြင့်မှု၊ ပညာရေးစရိတ်မြင့်မားမှု၊ အလုပ်လက်မဲ့နှုန်းမြင့်မားလာမှုတို့ကြောင့် တရုတ်နိုင်ငံသားအိမ်ထောင်ရှင်များမှာ ကလေးယူရန်သို့မဟုတ် ကလေးတစ်ဦးထက်ပိုယူရန် ဝန်လေးနေတတ်ကြသည်။

ပြီးခဲ့သည့်နှစ်ကလည်း တရုတ်နိုင်ငံ၏လူဦးရေသည် နှစ်ပေါင်း ၆၀အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ရသည်။

တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၂၂ ခုနှစ်တွင် ၁ ဒသမ ၄၁ ဘီလီယံထိရှိခဲ့ပြီး နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအကြိမ်လူဦးရေကျဆင်းမှုဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီနှင့် ဆော်ဒီအိမ်ရှေ့မင်းသားတို့ အစ္စရေး-ဟားမစ်ပဋိပက္ခနှင့်ပတ်သက်၍ ဖုန်းခေါ်ဆိုဆွေးနွေး

**တီဟီရန် အောက်တိုဘာ ၁၂**

အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီနှင့် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန် တို့သည် အောက်တိုဘာ ၁၁ ရက်တွင် အစ္စရေး-ဟားမစ်ပဋိပက္ခနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



အဆိုပါဖုန်းခေါ်ဆို ဆွေးနွေးပွဲသည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပုံမှန်ပြန်လည်ထားရှိပြီး နောက်ပိုင်း အီရန်နှင့် ဆော်ဒီခေါင်းဆောင်နှစ်ဦးကြား ပထမဆုံးဖုန်းခေါ်ဆိုဆွေးနွေးပွဲဖြစ်သည်။

ပါလက်စတိုင်း ဟားမစ်အုပ်စု၏ အစ္စရေး ပြည်တွင်းတိုက်ခိုက်မှုများကို အစ္စရေးစစ်ဘက်ကလက်တုံ့ပြန်တိုက်ခိုက်နေချိန်တွင် အီရန်နှင့် ဆော်ဒီခေါင်းဆောင်များက ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အီရန်သမ္မတနှင့် ဆော်ဒီအိမ်ရှေ့မင်းသားတို့သည် ယနေ့ဖုန်းခေါ်ဆိုမှုအတွင်းပါလက်စတိုင်းများအပေါ် စစ်ရာဇဝတ်မှုကျူးလွန်မှုများရပ်တန့်ရေးကိုလည်းဆွေးနွေးခဲ့ကြကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိ အစ္စရေး-ဟားမစ်ပဋိပက္ခ အဆုံးသတ်ရေးအတွက် နိုင်ငံတကာမိတ်ဖက်၊ ဒေသတွင်းမိတ်ဖက်များနှင့်အစွမ်းကုန်ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ဆော်ဒီအိမ်ရှေ့မင်းသားကလည်း ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံတို့သည် တရုတ်နိုင်ငံ၏ ကြားဝင်မှုဖြင့် ယခုနှစ်မတ်လအတွင်း တရားဝင်သံတမန်ဆက်ဆံရေးပြန်လည်ထားရှိရန် သဘောတူခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အိန္ဒိယ၌ ခရီးသည်တင်ရထားလမ်းချော်မှုဖြစ်ပွား လူ လေးဦး သေဆုံး၍ အများအပြားဒဏ်ရာရရှိ

**ဒေလီ အောက်တိုဘာ ၁၂**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ ယနေ့တွင် ခရီးသည်တင်ရထားတစ်စီး လမ်းချော်ခဲ့ရာ ခရီးသည်လေးဦး သေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တွဲပေါင်း ၂၃ တွဲပါဝင်သည့် အရှေ့အနောက်အမြန်ရထားသည် အာသံပြည်နယ်မှ နယူးဒေလီမြို့သို့ မောင်းနှင်နေစဉ် ဘီဟာပြည်နယ်အတွင်း လမ်းချော်ခဲ့ခြင်းဖြစ်သည်။

ရထား လမ်းချော်မှုကြောင့် တွဲ နှစ်တွဲ တိမ်းမှောက်ခဲ့ရကြောင်း ဘီဟာပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အိန္ဒိယ တာဝန်ရှိသူများသည် ခရီးသည်တင် ရထားလမ်းချော်မှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

မီးရထားလမ်းကွန်ရက်သက်တမ်း အိုဟောင်းနေပြီဖြစ်သော အိန္ဒိယနိုင်ငံ၌ မီးရထားမတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်သည်။

ယခုနှစ် ဇွန်လအတွင်းကလည်း ခရီးသည်တင်ရထားနှစ်စီးဝင်တိုက်မှုကြောင့် အနည်းဆုံးခရီးသည် ဦးရေ ၂၈၀ ကျော်သေဆုံး၍ ဦးရေ ၉၀၀ ကျော် ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## အယ်လ်ဆာဗေဒိုးနိုင်ငံ ဆန်ဆာဗေဒိုးမြို့ နယ်မြေသုံးခုသို့ လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၄၀၀၀ ကျော် စေလွှတ်

**ဆန်ဆာဗေဒိုး အောက်တိုဘာ ၁၂**

ရာဇဝတ်ဂိုဏ်းဝင်များကို ရှင်းလင်းရေးအတွက် အယ်လ်ဆာဗေဒိုးနိုင်ငံအစိုးရသည် ဆန်ဆာဗေဒိုးမြို့တော် လူနေဒေသသုံးခုသို့ အောက်တိုဘာ ၁၁ ရက်တွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်ဦးရေ၄၀၀၀ ကျော်စေလွှတ်ထားသည်။

တစ်ချိန်တည်းမှာပင် အယ်လ်ဆာဗေဒိုးသမ္မတ နာယစ်ဘူကီလီသည် ရာဇဝတ်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် အရေးပေါ်အခြေအနေအခွင့်အာဏာကျင့်သုံးခွင့်သက်တမ်းထပ်တိုးရေးအတွက် ပြင်ဆင်လျက်ရှိသည်။

ဆန်ဆာဗေဒိုးမြို့ ပိုပေါ်လန်နယ်မြေ၊ ဆဲလ်ဗာဒီနှင့် လာကမ်ပါနီရာနယ်မြေများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များစေလွှတ်မှုကို သမ္မတ ဘူကီလီကအောက်တိုဘာ ၁၁ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါနယ်မြေသုံးခုရှိ ဒုစရိုက်သမားများအားလုံးရှင်းလင်းပျောက်ကွယ်သွားမှသာ မိမိတို့၏စစ်ဆင်ရေး အဆုံးသတ်မည်ဖြစ်ကြောင်းသမ္မတ ဘူကီလီက ပြောကြားထားသည်။


အယ်လ်ဆာဗေဒိုးအစိုးရသည် လမ်းပေါ်ဒုစရိုက်ဂိုဏ်းများရှင်းလင်းရေးလုပ်ငန်းစဉ်အတွက် ၂၀၂၂ ခုနှစ် မတ်လမှစ၍ အရေးပေါ်အခြေအနေအခွင့်အာဏာများကို စတင်သုံးစွဲခဲ့သည်။

လမ်းပေါ်ရာဇဝတ်မှု ရှင်းလင်းရေးလုပ်ငန်းစဉ်အတွင်း အယ်လ်ဆာဗေဒိုးအစိုးရသည် ရာဇဝတ်ဂိုဏ်းဝင်အဖြစ် ယူဆရသူ ဦးရေ ၇၂၀၀၀ကျော်ကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အာကာသယာဉ်မှူးများ အာကာသဟင်းလင်းပြင်အတွင်း စေလွှတ်မည့်အစီအစဉ်ကို နာဆာ ဆိုင်းငံ့



**ဝါရှင်တန် အောက်တိုဘာ ၁၂**

နော်ကာ ပင်မကိုယ်ထည် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာတစ်ရပ်ကြောင့် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သည် အာကာသယာဉ်မှူးများ အာကာသဟင်းလင်းပြင်အတွင်း စေလွှတ်မည့်အစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

နာဆာသည် မူလက နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ အောက်တိုဘာ ၁၁ ရက်တွင် အာကာသယာဉ်မှူးနှစ်ဦး စေလွှတ်ရန် စီစဉ်ထားသည်။

သို့ရာတွင် ရုရှားနိုင်ငံ၏ နော်ကာပင်မကိုယ်ထည် အရန်အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ကြိုတင်ကာကွယ်မှုယူသည့် အနေဖြင့် အာကာသဟင်းလင်းပြင်အတွင်း ယာဉ်မှူးများ စေလွှတ်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း သိရသည်။

နော်ကာ ပင်မကိုယ်ထည် အရန်အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာသည် အောက်တိုဘာ ၉ ရက်က စတင်ပေါ်ထွက်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အရန်အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

နော်ကာ ပင်မကိုယ်ထည် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် နိုင်ငံတကာ အာကာသစခန်းယာဉ် လှုပ်ရှားမှုများအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : KKO**

# HEALTH

## ဝက်ရူးပြန်အတက်ရောဂါဖောက်မှု အကြိမ်ရေကို စမ်းသပ်ဆဲဆေးတစ်မျိုးက လျှော့ချပေးနိုင်

**နယူးယောက် အောက်တိုဘာ ၁၂**

စမ်းသပ်ဆဲဆေးတစ်မျိုးသည် ဝက်ရူးပြန်အတက်ရောဂါရှိသူများ၏ ရောဂါဖောက်မှု အကြိမ်ရေကို လျှော့ချပေးနိုင်စွမ်းရှိကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

XEN-1101 ဟူ၍ အမည်ပေးထားသော အဆိုပါဆေးသည် ဝက်ရူးပြန် အတက်ရောဂါဖောက်မှု အကြိမ်ရေကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များပြုလုပ်ခဲ့သည့် XEN-1101 ဆေးစမ်းသပ်မှုတွင် ပါဝင်သူများ အနက် အချို့လူနာများမှာ စံနှုန်းမီဆေးဝါး ခြောက်မျိုးကိုတုံ့ပြန်နိုင်မှု မရှိတော့သူများ ဖြစ်ကြကြောင်း သိရသည်။

XEN-1101 ဆေး၏အလုပ်လုပ်ပုံသည် အခြားဆေးအများစုနှင့် မတူဘဲ ဆဲလ်အတွင်းသို့ ဆိုဒီယမ်များ သွတ်သွင်းမည့်အစား ပိုတက်ဆီယမ်များ ဆွဲသွင်းပေးခြင်းဖြင့် ဝက်ရူးပြန်အတက်ရောဂါ ဖောက်မှုအကြိမ်ရေများကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဝက်ရူးပြန်အတက်ရောဂါရှိသူ အမျိုးသားနှင့် အမျိုးသမီး ၂၈၅ ဦးတို့ကို အထက်ပါဆေးဖြင့် လက်တွေ့စမ်းသပ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

လေ့လာမှုမှပေါ်ထွက်လာသည့် ရလဒ်များအရ XEN-1101 ဆေးသုံးစွဲသူလူနာများ၌ ဝက်ရူးပြန်အတက်ရောဂါ ဖောက်နှုန်းမှာ ၁၃ ရာခိုင်နှုန်းမှ ၅၃ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်း သိရသည်။

**Ref : Sputnik**
**Trs : KKO**

## ဂဂါယန်းအာကာသလူသယ်ယာဉ်ကို အောက်တိုဘာ ၂၁ ရက်တွင် စမ်းသပ်လွှတ်တင်ရန် အိန္ဒိယအာကာသအေဂျင်စီ စီစဉ်ထား

**နယူးဒေလီ အောက်တိုဘာ ၁၂**

ဂဂါယန်းအမည်ရှိ အာကာသလူသယ်ယာဉ်ကို အောက်တိုဘာ ၂၁ ရက်တွင် စမ်းသပ်လွှတ်တင်ရန် အိန္ဒိယ အာကာသအေဂျင်စီက စီစဉ်ထားကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

သက္ကတ ဘာသာအားဖြင့် ကောင်းကင်ယာဉ်ပုံဟု အဓိပ္ပာယ်ရသော ဂဂါယန်းမစ်ရှင်ကို အောက်တိုဘာ ၂၁ ရက်တွင် လွှတ်တင်ရန် အိန္ဒိယ အာကာသအေဂျင်စီက စီစဉ်ထားသည်။

အထက်ပါမစ်ရှင်အောင်မြင်ခဲ့ပါက အိန္ဒိယနိုင်ငံသည် အာကာသယာဉ်မှူးသုံးဦးကို ဂဂါယန်းအာကာသယာဉ်ဖြင့် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။



အိန္ဒိယ အာကာသအေဂျင်စီသည် အာကာသယာဉ်မှူးများ လိုက်ပါမှုမရှိသည့် ဂဂါယန်း အာကာသယာဉ်ကို ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံသည် ချန်ဒရာယန်း-၃ လဆင်းယာဉ်ကို အောင်မြင်စွာလွှတ်တင်ခဲ့ပြီးနောက် ဂဂါယန်း အာကာသလူသယ်ယာဉ်ကို စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဂဂါယန်း အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီးနောက် ကမ္ဘာမြေသို့ ဘေးကင်းစွာပြန်လည်ဆင်းသက်ရန် လိုအပ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : KKO**

## ခုခံအားစနစ် ဖောက်ပြန်မှုရောဂါများ ကိုဗစ်ရောဂါလူနာတချို့တွင် ခံစားရနိုင်

**ဆိုးလ် အောက်တိုဘာ ၁၂**

ကိုဗစ်ရောဂါလူနာတချို့တွင် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါများခံစားရနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၁ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ကိုဗစ်ရောဂါဖြစ်ပွားပြီးနောက် လူနာ ဆက်လက်ခံစားရနိုင်သည့် ခုခံအားစနစ် ဖောက်ပြန်မှုရောဂါများထဲတွင် ဆံပင်ကျွတ်ခြင်း (Alopecia)၊ ဆာရိုက်ဆစ်အရေပြားရောဂါ၊ ခရုသင်းရောဂါ(Vitiligo)၊ အရိုးဆစ်ရောင်ရမ်းနာရောဂါအပါအဝင် ရောဂါအများအပြားပါဝင်ကြောင်း တောင်ကိုရီးယားသုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ ယွန်ဆိုင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ ကိုဗစ်ရောဂါလူနာများတွင် Alopecia ပြဿနာကြုံရနိုင်ခြေ ၁၂ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းထိ ပုံမှန်ထက်ပိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်ရောဂါလူနာများ၌ Crohn's Disease ခေါ် ခုခံအားစနစ် ရောဂါတစ်မျိုးဖြစ်နိုင်ခြေမှာလည်း ၆၈ ရာခိုင်နှုန်း မြင့်မားနေတတ်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ရောဂါလူနာများ၌ ခုခံအားစနစ် ဖောက်ပြန်မှုရောဂါများပေါ်လာနိုင်ခြေကို စောင့်ကြည့်၍ ကြားဝင်ကုသပေးရန် လိုအပ်သည်ဟု သုတေသနပညာရှင်များက အကြံပြုထားကြောင်းသိရသည်။

**Ref : Sputnik**
**Trs : KKO**



## နာဆာနှင့် Space-X ကုမ္ပဏီက ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ဆိုက်ခီအာကာသယာဉ် လွှတ်တင်မည့်ကာလကို တစ်ရက်ဆိုင်းငံ့ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X အာကာသနည်းပညာကုမ္ပဏီသည် ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ဆိုက်ခီအာကာသယာဉ် လွှတ်တင်မည့်ကာလကို တစ်ရက်ဆိုင်းငံ့ခဲ့ကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် Space-X ကုမ္ပဏီသည် မူလက ဆိုက်ခီအာကာသယာဉ်ကို ယနေ့တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ကနေဒီအာကာသစခန်းတည်ရှိရာနေရာ၌ ရာသီဥတုဆိုးရွားနေမှုကြောင့် ဆိုက်ခီအာကာသယာဉ် လွှတ်တင်ရေးအစီအစဉ်ကို အောက်တိုဘာ ၁၃ ရက်သို့ ရွှေ့ဆိုင်းထားသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဆိုက်ခီ အာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆိုက်ခီအာကာသယာဉ်သည် လွှတ်တင်ပြီးချိန်တွင် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ် ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ၁၆ ဆိုက်ခီအမည်ရှိ ဂြိုဟ်သိမ်ကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

၁၆ ဆိုက်ခီဂြိုဟ်သိမ်ကို နီကယ်သတ္တု၊ သံသတ္တု အများစုဖြင့်ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

**Ref : Sputnik**
**Trs : KKO**

နိုင်ငံတကာ
**အားကစားသတင်းများ**

## ယူရို ၂၀၂၄ ခြေစစ်ပွဲ အုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်များ

M L

### ဒိန်းမတ် Vs ကာဇက်စတန်

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကာဇက်စတန် ၃ - ၂ ဒိန်းမတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဒိန်းမတ် - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| ကာဇက်စတန် - | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

ဒိန်းမတ်အသင်းဟာ အခုအုပ်စုမှာ စုဖွဲ့မှုအကောင်းဆုံးဖြစ်တာကြောင့် ခြေစစ်ပွဲအောင်ဖို့အတွက် တိုက်စစ်မြှင့်ပြီးအိမ်ကွင်းနိုင်ပွဲရှာဖွေလာမှာပါ။ ကာဇက်စတန်အသင်းကတော့ အဝေးကွင်းခံစစ်ကစားပုံအားနည်းတာကြောင့် ဒိန်းမတ်အသင်းရဲ့တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒိန်းမတ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဒိန်းမတ် ၂ - ၀ ကာဇက်စတန်**

### အီတလီ Vs မော်တာ

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မော်တာ ၀ - ၂ အီတလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| အီတလီ - | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |
| မော်တာ - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(ရှုံး) |

အီတလီအသင်းဟာ အသင်းလိုက်ကစားအားကျဆင်းနေတာကြောင့် မထင်မှတ်ဘဲရမှတ်တွေဆုံးရှုံးခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက နိုင်ပွဲရှာနိုင်ခဲ့တာကိုတွေ့ရမှာပါ။ မော်တာအသင်းကတော့ အခုအုပ်စုရဲ့ အဖြည့်ခံအသင်းအဖြစ်သာပါဝင်နေရပြီး ကစားသမားစုဖွဲ့မှုနဲ့နည်းစနစ်ပိုင်းမှာ အီတလီကိုယှဉ်မရတာကြောင့် အခုပွဲစဉ်မှာလဲ ဂိုးပြတ်ရှုံးနိမ့်အုံးမှာသေချာပါတယ်။ ဒါကြောင့် အီတလီကိုပဲရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အီတလီ ၃ - ၀ မော်တာ**

### ဘူလ်ဂေးရီးယား Vs လစ်သူယေးနီးယား

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လစ်သူယေးနီးယား ၁ - ၁ ဘူလ်ဂေးရီးယား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဘူလ်ဂေးရီးယား - | အိမ်(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| လစ်သူယေးနီးယား - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(ရှုံး) |

အုပ်စု(G)မှာကျရောက်နေတဲ့ သူတို့နှစ်သင်းဟာ နောက်တစ်ဆင့်တက်ဖို့မဖြစ်နိုင်တော့ပေမဲ့ ခြေစွမ်းပိုင်းကတော့ ဘူလ်ဂေးရီးယားက အသာရနေတာဖြစ်ပါတယ်။ ဘူလ်ဂေးရီးယားဟာ အိမ်ကွင်းမှာ ခြေစွမ်းကောင်းတဲ့အသင်းဖြစ်လို့ အခုပွဲစဉ်မှာ ပထမဆုံးနိုင်ပွဲရှာမှာဖြစ်ပါတယ်။ လစ်ယူယေးနီးယားကတော့ ဘူလ်ဂေးရီးယားနဲ့ယှဉ်ရင် အဘက်ဘက်က တစ်ဆင့်နိမ့်သေးတာကြောင့် အခုပွဲစဉ်မှာ နိုင်ပွဲရှာလာမဲ့ဘူလ်ဂေးရီးယားကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘူလ်ဂေးရီးယား ၁ - ၀ လစ်သူယေးနီးယား**

## အားကစားသတင်း အတိုအထွာများ

- အင်ဒိုနီးရှားနိုင်ငံက လာမည့် ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဩစတြေးလျ၊ စင်ကာပူ၊ မလေးရှားတို့နှင့် ပူးတွဲအိမ်ရှင်အဖြစ် လျှောက်ထားရန်ဆွေးနွေးမှုပြုလုပ်နေပြီး ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်က လာမည့် အောက်တိုဘာ ၃၁ ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။
- စတုဂတ်အသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၃ ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူးဂီရက်စ်ဆီကို ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ဘုန်းမောက်၊ပဲလေ့စ်၊ဝက်စ်ဟမ်းအသင်းနှင့် ဘရိုက်တန်အသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- မန်ယူအသင်းက ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာနှင့် လင်ဒီလော့တို့ကို တစ်နှစ်သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ပြီး တိုက်စစ်မှူး မာရှယ်ကို သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ခြင်းမရှိကြောင်း သိရသည်။

ML

## ကမ္ဘာ့ဖလားခြေစစ်ပွဲ(ပထမအဆင့်)ပထမအကျော့ပွဲစဉ်တွင် မြန်မာအသင်းက မကာအိုအသင်းကို ငါးဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိ




**ရန်ကုန် အောက်တိုဘာ ၁၂**

ကမ္ဘာ့ဖလားခြေစစ်ပွဲ (ပထမအဆင့်) ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် မကာအိုအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက မကာအိုအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ဂိုးသမားနေရာတွင် ဆန်းဆက်နိုင်၊ ခံစစ်ကစားသမားနေရာတွင် ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ သက်ဟိန်းစိုး၊ ကွင်းလယ်ကစားသမားနေရာတွင် လွင်မိုးအောင်၊ ကျော်မင်းဦး၊ နေမိုးနိုင်၊ တိုက်စစ်ကစားသမားနေရာတွင် မောင်မောင်လွင်၊ သန်းပိုင်နှင့် အောင်သူ စသည့်အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ပွဲစကတည်းက မကာအိုအသင်းကို ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၉ မိနစ်တွင် ကွင်းလယ်ကစားသမား လွင်မိုးအောင်က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်ပထမပိုင်းတွင် မြန်မာအသင်းက မကာအိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မကာအိုအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် လူစားလဲမှုများပြုလုပ်ပြီး ပြန်လည်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် တော်ရာရှိက မကာအိုအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။

ချေပဂိုး ပေးခံခဲ့ရပြီးနောက် မြန်မာအသင်းက ပြန်လည်တိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၆၂ မိနစ်တွင် စိုးမိုးကျော်ကလည်းကောင်း၊ ပွဲချိန် ၈၁ မိနစ်တွင် လူစားဝင်ကစားသမား တိုက်စစ်မှူး အောင်ကောင်းမာန်က လည်းကောင်း၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပို တစ်မိနစ်တွင် ကွင်းလယ်ကစားသမား နေမိုးနိုင်ကလည်းကောင်း၊ ငါးမိနစ်တွင် လွင်မိုးအောင်ကလည်းကောင်း မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက မကာအိုအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

## ဂျူဗင်တပ်ကွင်းလယ်ကစားသမား ဖာဂျီအိုလီ တရားမဝင်လောင်းကစားလုပ်မှုကြောင့် စစ်ဆေးမှုပြုလုပ်ခံရ

**ရောမ အောက်တိုဘာ ၁၂**

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဖာဂျီအိုလီသည် တရားမဝင် လောင်းကစားလုပ်ခဲ့သည့်အတွက် စစ်ဆေးမှုပြုလုပ်ခံနေရကြောင်း အသင်းတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

အသက် ၂၂ နှစ်ရှိ ကွင်းလယ်ကစားသမားသည် အွန်လိုင်းမှ တရားမဝင် လောင်းကစားပြုလုပ်ခဲ့မှုကြောင့် ကနဦးစစ်ဆေးမှုခံနေရပြီး မည်သည့်လောင်းကစားမျိုးတွင် ပါဝင်ပတ်သက်ခဲ့သည်ကို အီတလီဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခြင်းမရှိသေးဘဲ ကစားသမားအနေဖြင့် ပြစ်မှုထင်ရှားပါက သုံးနှစ်ပွဲပယ်ပြစ်ဒဏ်နှင့် အနည်းဆုံးငွေဒဏ် ယူရို ၂၅၀၀၀ ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းဥက္ကဋ္ဌ ဖာဂျီအိုလီက စစ်ဆေးမှုခံယူနေရသည့်သတင်းကို အတည်ပြုပြောကြားခဲ့သော်လည်း အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ဖြေကြားခဲ့ခြင်းမရှိဘဲ ကစားသမားအနေဖြင့် အသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်နေကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဖာဂျီအိုလီသည် ယခုနှစ်ဘောလုံးရာသီ ဂျူဗင်တပ်အသင်းနှင့်အတူ စီးရီးအေ ရှစ်ပွဲတွင် ခြောက်ပွဲထိပါဝင်ကစားခွင့်ရရှိခဲ့ပြီး ကွင်းလယ်ပိုင်းတွင် ခြေစွမ်း ပြသနိုင်ခဲ့သော်လည်း လာမည့် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း အီတလီအသင်းနှင့်ကစားရမည့် ယူရိုခြေစစ်ပွဲတွင် ရွေးချယ်ခံခဲ့ရခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua
Trs : ML

## လူတန်အသင်းက ကွင်းလယ်ကစားသမား တောင်ဆန်ကို ကာလတိုစာချုပ်ဖြင့်ခေါ်ယူ

**လန်ဒန် အောက်တိုဘာ ၁၂**

ပရီးမီးယားလိဂ်ကလပ် လူတန်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမား တောင်ဆန်ကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကွင်းလယ် ကစားသမား တောင်ဆန်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အဲဗာတန်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်ပြီး ယခုအခါ လူတန်အသင်းက ၎င်းကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလထိ ကာလတိုစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း သိရသည်။

တောင်ဆန်က "ကျွန်တော် လူတန်အသင်းမှာကစားဖို့ တာဝန်ရှိသူတွေနဲ့ နှစ်ပတ်အကြာဆွေးနွေးခဲ့ပြီး သဘောတူညီမှုရခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အတွေ့အကြုံ၊ စိတ်အားထက်သန်မှုတွေနဲ့ အသင်းကိုကူညီသွားမှာပါ။ လူတန်အသင်းကို ပြိုင်ပွဲအတွင်း ဒါမှမဟုတ် အဝတ်လဲခန်း၊ လေ့ကျင့်ရေးအစီအစဉ်တွေတစ်ခုခုတော့ ကျွန်တော် ကူညီနိုင်မှာပါ"ဟု ပြောကြားခဲ့သည်။



အသက် ၃၂ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်း၊ နယူးကာဆယ်အသင်း၊ ပဲလေ့စ်အသင်းနှင့်အဲဗာတန်အသင်းတို့တွင်ကစားခဲ့သူဖြစ်ပြီး အဆိုပါအသင်းများတွင် သွင်းဂိုးများသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ဒဏ်ရာပြဿနာမကြာခဏကြုံတွေ့နေရသောကြောင့် ပုံစံရရှိရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် လူတန်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၈)အပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်လေးမှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁၇)နေရာတွင်ရပ်တည်နေသောကြောင့် တန်းဆင်းဇုန်မှလွတ်မြောက်ရန် ကြိုးပမ်းနေရကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# အီတလီနိုင်ငံ ပါးမားတက္ကသိုလ်က ရီးရဲလ်မက်ဒရစ်အသင်း နည်းပြအန်ဆယ်လော့တီကို ဒေါက်တာဘွဲ့ချီးမြှင့်ပေးအပ်



**ရောမ အောက်တိုဘာ ၁၂**

အီတလီနိုင်ငံရှိ ပါးမားတက္ကသိုလ်က ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီကို ဒေါက်တာဘွဲ့တစ်ခုဖြစ်သည့် Honorary Master ဘွဲ့ကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အသက် ၆၄ နှစ်ရှိ အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီသည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ပြီးခဲ့သည့် ၁၉၉၅ ခုနှစ်က အီတလီကလပ် ရက်ဂျီးနားအသင်းနှင့်စတင်ခဲ့ပြီးနောက် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ဂျူဗင်တပ်အသင်း၊ အေစီမီလန်အသင်း၊ ချဲလ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ နာပိုလီအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း အစရှိသည့်ထိပ်တန်းအသင်းကြီးနှင့်အတူ ဆုဖလားများစွာကိုဆွတ်ခူးနိုင်ခဲ့ပြီး လက်ရှိတွင် အအောင်မြင်ဆုံး နည်းပြအဖြစ်ပါ ရပ်တည်လျက်ရှိနေသူဖြစ်သည်။

နည်းပြ အန်ဆယ်လော့တီက Honorary Master ဘွဲ့ကိုလက်ခံရယူအပြီးတွင် "အားကစားဆိုတာ ကျွန်တော့်အတွက်ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတော်ကြီးတစ်ခုပါ။ ကျွန်တော် ဘောလုံးအားကစားနည်းကို ချစ်မြတ်နိုးလို့ နှစ်ပေါင်း ၄၄ နှစ်ကျော်ကျင်လည်ခဲ့တာပါ။ အခုလို ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ခံခဲ့ရတဲ့အတွက်လဲ ဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ဝါရင့်နည်းပြကြီး အန်ဆယ်လော့တီသည် ပရော်ဖက်ရှင်နယ်နည်းပြလောကတွင် နှစ်ပေါင်း ၄၄ နှစ်ကျော်ကြာ ကျင်လည်ခဲ့ပြီး ထိပ်တန်းအသင်းကြီးများကို တာဝန်ယူခဲ့ကာ အဓိကဆုဖလားများစွာနှင့် ပွဲပေါင်းများစွာကို တာဝန်ယူကိုင်တွယ်ပြီး အီတလီနိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည့်အတွက် ပါးမားတက္ကသိုလ် Medicine and Surgery Department က Honorary Master ဘွဲ့ကို ဂုဏ်ပြုချီးမြှင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# Buick LPGA Shanghai ပြိုင်ပွဲ အမှတ်ပေးဇယားကို မီချိုင်နှင့် မာဂျာစတက်တို့ဦးဆောင်

**ရှန်ဟိုင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Buick LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ထိုင်းဂေါက်သီးရိုက်မယ် မီချိုင်နှင့် မာဂျာစတက်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်လျက်ရှိကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ် ဆူဝမ်နာပူရာအပါအဝင် ပြိုင်ပွဲဝင် ၁၀ ဦးထိ သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကိုဦးဆောင်နေသော မီချိုင်သည် ပထမနေ့၏ ပထမကျင်းတွင် Bogey ရိုက်ချက်ဖြင့်စတင်ခဲ့ရသော်လည်း နောက်ပိုင်းကျင်းများတွင် ရလဒ်များကောင်းမွန်လာခဲ့သည့်အတွက် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဇယားကို မီချိုင်နှင့်အတူ ပူးတွဲဦးဆောင်နေသည့် မာဂျာစတက်သည် ပြီးခဲ့သည့် စက်တင်ဘာလက စပိန်နိုင်ငံတွင် ကျင်းပသွားခဲ့သော Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်းအတွက် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သူဖြစ်ပြီး ဥရောပအသင်းဝင် Rookies သုံးဦးမှ တစ်ဦးအပါအဝင်လည်းဖြစ်သည်။

မာဂျာစတက်က "Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ကစားခွင့် ရခဲ့ခြင်းကြောင့် အတွေ့အကြုံကောင်းတွေလဲ ရခဲ့သလို ယုံကြည်မှုလဲမြင့်တက်စေခဲ့ပါတယ်။ ဒါကြောင့်လဲ Buick LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ယုံကြည်မှုအပြည့်နဲ့ကစားနိုင်ခဲ့တာ ဖြစ်တယ်လို့လဲယူဆပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဟာကာက်ဇ် တက်ရောက်



**ရှန်ဟိုင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Shanghai Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန် တင်းနစ်ကစားသမား ဟာကာက်ဇ်နှင့် ဟန်ဂေရီတင်းနစ်ကစားသမားမာရို့ဇန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟာကာက်ဇ်က (၄-၆ ၊ ၆-၁ ၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မာရို့ဇန်သည် နိုင်ခြေအဆင့်သတ်မှတ်ခံထားရခြင်း မရှိသော်လည်း နာမည်ကြီးကစားသမားများကိုအနိုင်ယူကာ ကွာတားဖိုင်နယ်အဆင့်ထိတက်ရောက်လာနိုင်ခဲ့ခြင်းကြောင့် ပြိုင်ပွဲဝင်ကစားသမားများအကြား စိတ်ဝင်စားမှုအမြင့်ဆုံးရရှိထားသည့် ကစားသမားလည်းဖြစ်သည်။

မာရို့ဇန်သည် ဆီမီးဖိုင်နယ်အဆင့်တွင်လည်း နိုင်ခြေအဆင့်(၆)ထိ သတ်မှတ်ခံထားရသော ဟာကာက်ဇ်ကိုဖိအားပေးကစားနိုင်ခဲ့သလို ပထမပွဲငယ်တွင်လည်း အနိုင်ရအောင် ကစားပြနိုင်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ဟာကာက်ဇ်က အကောင်းဆုံးပုံစံ ပြန်လည်ရရှိကာ နှစ်ပွဲဆက်တိုက်အနိုင်ယူပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အကောင်းဆုံးပုံစံရရှိနေသည့် မာရို့ဇန်ကို အနိုင်ကစားနိုင်ခဲ့သည့် ဟာကာက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားများ ဖြစ်ကြသော ဘင်ရှယ်တန်နှင့် ဆီဘက်စတီယန်ကော့ဒါတို့ပွဲစဉ်မှ အနိုင်ရရှိလာသည့် ကစားသမားနှင့်ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မိုဒရစ်က ပွဲကစားချိန်ပိုပေးရန် နည်းပြအန်ဆယ်လော့တီအား တောင်းဆို

**မက်ဒရစ် အောက်တိုဘာ ၁၂**

ရီးရဲလ်မက်ဒရစ်အသင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲကစားချိန် လျော့နည်းလာသောကြောင့် ပွဲကစားချိန်ပိုမိုရရှိရေးအတွက် နည်းပြအန်ဆယ်လော့တီအား တောင်းဆိုခဲ့ကြောင်း သိရသည်။

နည်းပြအန်ဆယ်လော့တီသည် ယခုနှစ်ဘောလုံးရာသီ ကွင်းလယ်ပိုင်းတွင် လူငယ်ကစားသမားများဖြစ်သည့် ကာမာဗင်ဂါ၊ ချူဟာမန်နီနှင့် ဘယ်လင်ဟမ်တို့ကိုသာအသုံးပြုခဲ့ပြီး မိုဒရစ်အနေဖြင့် လာလီဂါပွဲစဉ်(၉)အပြီးတွင် သုံးပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ကာ ပွဲကစားချိန်လျော့နည်းလာသောကြောင့် ၎င်းကိုပွဲကစားချိန်ပိုမိုပေးရန် အန်ဆယ်လော့တီအား တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အသက် ၃၈ နှစ်ရှိ မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားခဲ့သည့် ဘောလုံးရာသီရှစ်ရာသီတွင် တစ်ရာသီအနည်းဆုံး ပွဲ ၄၀ ထိကစားခွင့်ရခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပြိုင်ပွဲစုံတွင် ၅၂ ပွဲထိ ပါဝင်ကစားခွင့်ရခဲ့သူဖြစ်သော်လည်း လက်ရှိတွင် ပြိုင်ပွဲစုံ၌ သုံးပွဲသာ ပွဲထွက်ခွင့်ရခဲ့သဖြင့် အသင်းတွင် မပျော်တော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်းသည် ပွဲကစားချိန်ပုံမှန်ရရှိမှသာ ထိပ်တန်းအဆင့်ခြေစွမ်းမျိုးကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု ထပ်မံပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၅၀၀ နီးပါး ပါဝင်ခွင့်ရခဲ့ပြီး အသင်းကိုချန်ပီယံလိဂ်ဆုဖလားငါးကြိမ်နှင့် လာလီဂါဆုဖလား သုံးကြိမ်ရရှိအောင်ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် ၂၀၁၈ ခုနှစ်တွင်လည်း Balloon d'Or ဆုကို ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ရီးရဲလ်မက်ဒရစ်အသင်းက အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ဗယ်လ်ဗာဒီ၊ ဗင်နီစီးယက်နှင့်ကာမာဗင်ဂါတို့ကို ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

**မက်ဒရစ် အောက်တိုဘာ ၁၂**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ကွင်းလယ်ကစားသမား ဗယ်လ်ဗာဒီနှင့် ကာမာဗင်ဂါ၊ တိုက်စစ်ကစားသမား ဗင်နီစီးယက်တို့ကို ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဗင်နီစီးယက်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး လက်ရှိတွင် ကမ္ဘာ့ထိပ်တန်း တိုက်စစ်ကစားသမားများမှ တစ်ဦးအပါအဝင်အဖြစ်ရပ်တည်လျက်ရှိသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ၎င်းကို ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီး မကြာမီ အတည်ပြုကြေညာမည်ဖြစ်သည်။

အလားတူ အသက် ၂၀ သာရှိသေးသည့် ကာမာဗင်ဂါသည်လည်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ပြင်သစ်ကလပ် ရင်းနက်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းကွင်းလယ်ပိုင်းတွင် ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ကာ အဓိက ကစားသမားများအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းကွင်းလယ်ကစားသမားများမှတစ်ဦးအပါအဝင်အဖြစ် ရပ်တည်နေသူဖြစ်သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် သဘောတူညီမှုရရှိထားပြီး မကြာမီအပြီးသတ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

နောက်ထပ် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဗယ်လ်ဗာဒီသည်လည်း ၂၀၁၆ ခုနှစ်က ကလပ်အက်သလက်တီကိုပန်နဲရိုးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အစောပိုင်းနှစ်များက လူငယ်အသင်းတွင်သာကစားခဲ့သော်လည်း ၂၀၁၈ ခုနှစ်နောက်ပိုင်း အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် ၂၀၂၇ ခုနှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက အဆိုပါ ကစားသမားသုံးဦးစလုံးကို ကာလရှည်စာချုပ်ချုပ်ဆိုမည့် အပြင် စာချုပ်လျော်ကြေးကိုလည်း စတာလင်ပေါင် တစ်ဘီလီယံစီသတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# သေစေညွှန်းရော့လေသလား မှားလိမ့်မယ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"မင်းက မှုခင်းသတင်းတွေကို တည်းဖြတ်ဖော်ပြပေးနေတဲ့ အယ်ဒီတာဆိုတော့ အတွေ့အကြုံများနေမယ်လို့ ယူဆတယ်ကွာ။ ဒါကြောင့် မင်းဆီက အကြံဉာဏ်ရယူချင်လို့ မင်းဆီလာခဲ့ရတာပဲတူမောင်"

နယ်မှရောက်လာသော ဦးကြီးဦးသာမောင်က ရောက်မဆိုက်မှာပင်စတင်၍ ပြောလိုက်သော စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားပြီး စိုးရိမ်သွားမိသည်။

"ဘယ်သူဘာဖြစ်လို့လဲ ဦးကြီးရယ်"

"ငါ့မြေး မောင်ချစ် လူသတ်မှုဖြစ်လို့ကွ"

"ဘာ. . . ငယ်ငယ်က ကြွက်တောင်မသတ်ရဲတဲ့ မောင်ချစ်က လူသတ်တယ်ဟုတ်လား။ ဘယ်လိုများဖြစ်ရတာလဲဗျာ"

"မောင်ချစ်က ကြက်ဖိုး အကြွေးသွားတောင်းတယ်ကွာ။ အဲဒီအကြွေးကိုမပေးဘဲ ငြင်းဆန်နေလို့ စကားများကြတယ်။ စကားများကြရာက ရန်ဖြစ်ကြတယ်။ တစ်ဖက်က သားအဖနှစ်ယောက်။ မောင်ချစ်က တစ်ယောက်တည်းရယ်။ ရွာလယ်လမ်းမပေါ်မှာ လုံးထွေးသတ်ပုတ်ကြရင်းက တစ်ဖက်က ခြံစည်းရိုးတိုင်နဲ့ မောင်ချစ်ကိုရိုက်တယ်တဲ့။ မောင်ချစ်က သူ့ကိုရိုက်တဲ့သူကို သူ့မှာပါလာတဲ့ နှီးဖြာဓားနဲ့ပြန်ခုတ်လိုက်တာ ရိုက်တဲ့သူ သေသွားတယ်ကွ။ မောင်ချစ်ကို လူသတ်တရားခံအဖြစ် ဖမ်းထားတယ်။ ငါလဲ ရှေ့နေနဲ့တိုင်ပင်ကြည့်တော့ ရှေ့နေက အသက်အေးမှ ကာကွယ်ခုခံပိုင်ခွင့်အရ အမှုက ကွင်းလုံးကျွတ်လွတ်မြောက်နိုင်တယ်လို့ ပြောတယ်ကွ။ တချို့ကလဲ မလွတ်နိုင်ဘူးလို့ ပြောဆိုနေကြတယ်ကွ။ အဲဒါနဲ့ ပတ်သက်လို့ ငါ့မြေးမောင်ချစ် အမှုက လွတ်လမ်း ရှိ၊ မရှိ၊ သိချင်လို့ မင်းဆီလာခဲ့တာပဲကွ"

"မောင်ချစ်က သေသူကိုဓားနဲ့ ဘယ်နှချက် ခုတ်လိုက်သလဲ ဦးကြီး"

"သူကလဲ သူ့အသားနာတော့ ဒေါကန်ပြီးနှစ်ချက်ဆင့်ခုတ်လိုက်တာတဲ့။ ဟိုဘက်က သားအဖနှစ်ယောက်ဆိုတော့ သူလဲ ကြောက်လန့်ပြီး ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ရတာတဲ့"

ဦးကြီးဦးသာမောင်၏စကားကို ကျွန်တော်ကြားလိုက်ရသောအခါ စိတ်ဓာတ်ကျသွားပြီး ခေါင်းကိုသာယမ်းခါနေမိပါတော့သည်။

"ဘာကြောင့် မင်းက ခေါင်းတယမ်းယမ်းဖြစ်သွားရတာလဲကွ"

"အဓိက လိုရင်းကိုပြောရရင်တော့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ခိုက်ရန်ဖြစ်ပွားလို့ ပေါ်ပေါက်လာတဲ့ပြစ်မှုဟာ ကာကွယ်ပိုင်ခွင့်အရ မလွတ်နိုင်တဲ့အကြောင်း စီရင်ထုံးဖွဲ့ထားတာတွေရှိတယ် ဦးကြီး။ ဒီကြားထဲ ဦးကြီးမြေးက တစ်ချက်တောင်မကဘူး နှစ်ချက်တောင် ခုတ်လိုက်တာဆိုတော့ ပိုဆိုးသွားတာပေါ့ ဦးကြီးရာ"

"အဲဒီ ကာကွယ်ခုခံပိုင်ခွင့်အကြောင်းကို သိပ်မရှင်းဘူးကွ။ ငါ နားလည်အောင် ရှင်းပြစမ်းပါအုံးကွာ"

"ဦးကြီးကလဲဗျာ။ ဦးကြီးက အငြိမ်းစားကျောင်းဆရာကြီးဖြစ်နေတာပဲ။ နားမဝေးလောက်ပါဘူး။ ဒါပေမဲ့ ဥပဒေအသုံးအနှုန်း၊ ဥပဒေစကားတွေက နားစိမ်းနေကြသူတွေအတွက်တော့ နားလည်ရခက်နေကြတာမို့ အပြစ်တော့မဆိုသာပါဘူးလေ။ ဦးကြီး နားလည်အောင် ကျွန်တော်ရှင်းပြပါ့မယ်။ ကာကွယ်ခုခံပိုင်ခွင့်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၉၆ ကနေပြီး ၁၀၆ ထိ ပြဋ္ဌာန်းထားတယ်။ **ပုဒ်မ- ၉၆ မှာ ကာကွယ်ခုခံပိုင်ခွင့်အရပြုသော ပြုလုပ်မှုသည် ပြစ်မှုမမြောက်**လို့ ပြဋ္ဌာန်းထားတယ်။ **ပုဒ်မ- ၉၇ မှာတော့ မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူရဲ့ကိုယ်ကိုဖြစ်စေ၊ ရွေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွေ့ပြောင်းနိုင်တဲ့ပစ္စည်းကို မိမိပိုင်၊ အခြားသူပိုင်ကိုဖြစ်စေ ကာကွယ်ခုခံပိုင်ခွင့်ရှိတယ်**လို့ ဖွင့်ဆိုထားတယ်"

"ဒီနေရာမှာ ဦးကြီးသိချင်နေတာနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၁၀၀ မှာ ပြဋ္ဌာန်းထားတာက ပြစ်မှုတစ်ခုခုကို အန္တရာယ်ပြုသူက ကျူးလွန်ခဲ့ရင် တစ်ဆက်တည်းဖြစ်တဲ့ ပုဒ်မ- ၉၆၊ ၉၇၊ ၉၈၊ ၉၉ တွေမှာ ဖော်ပြထားတဲ့ ကန့်သတ်ချက်တွေကို အထောက်အကူပြုပြီး သေစေရန်ဖြစ်စေ၊ အခြားဘေးအန္တရာယ်တစ်ခုခုဖြစ်စေ ပြုမူလာရင် ဘယ်သူမဆို မိမိအလိုအလျောက် ကာကွယ်ခုခံပိုင်ခွင့်ရှိတယ်လို့ဆိုထားတယ် ဦးကြီး"

"**အဲဒီလို ကာကွယ်ခုခံပိုင်ခွင့်ပြုတဲ့နေရာမှာ ကန့်သတ်ချက် ခြောက်ချက်ရှိတယ်။ ပထမအချက်က မကာကွယ်မခုခံရင် သေဘေးကို ကျရောက်စေမဲ့ စိုးရိမ်ဖွယ်ရာဖြစ်စေတော့ လက်ရောက်မှု၊ ဒုတိယအချက်က မကာကွယ်မခုခံရင် အပြင်းအထန်နာကျင်စေမဲ့ စိုးရိမ်ဖွယ်ရာဖြစ်စေတော့ လက်ရောက်မှု၊ တတိယအချက်က မုဒိမ်းကျင့်ဖို့အကြံ၊ အဓမ္မသားမယားအဖြစ်ပြုကျင့်ဖို့အကြံတွေနဲ့ ကျူးလွန်တဲ့လက်ရောက်မှု၊ စတုတ္ထအချက်က ကာမရာဂကို မဖွတာမဟုတ်ဘဲ ရောင့်ရဲအောင် ပြုလုပ်ဖို့အကြံနဲ့ ကျူးလွန်တဲ့ လက်ရောက်မှု၊ ပဉ္စမအချက်က လူကိုခိုးယူဖို့အကြံနဲ့ဖြစ်စေ၊ သွေးဆောင်ခေါ်ယူဖို့အကြံနဲ့ဖြစ်စေ ကျူးလွန်တဲ့ လက်ရောက်မှု၊ ဆဋ္ဌမအချက်က လွတ်မြောက်နိုင်ဖို့အတွက် ပြည်သူ့ဝန်ထမ်းအာဏာပိုင်တို့ထံမှာ တိုင်တန်းခွင့်မရနိုင်တဲ့အခြေအနေလို့ စိုးရိမ်ဖွယ်ရာဖြစ်လောက်အောင်အကြောင်းကိုဖြစ်စေပြီး တစ်ဦးတစ်ယောက်ကို မတရားချုပ်နှောင်ထားဖို့အကြံနဲ့ ကျူးလွန်တဲ့ လက်ရောက်မှု။** အဲဒီကန့်သတ်ချက်ခြောက်ချက်နဲ့ ကိုက်ညီမှသာ ကာကွယ်ခုခံပိုင်ခွင့်ဘောင်နဲ့ညီတယ် ဦးကြီး"

"ဒါဆိုရင် ငါ့မြေးမောင်ချစ်က အဲဒီကန့်သတ်ချက်တွေထဲက အချို့ကန့်သတ်ချက်တွေနဲ့ကိုက်ညီနေတာပဲ။ ကာကွယ်ခုခံပိုင်ခွင့်ဘောင်နဲ့လဲ ညီနေတယ်လေ"

"အပေါ်ယံအမြင်အရတော့ ဦးကြီးက ဦးကြီးရဲ့မြေးဘက်ကတွေးပြီး ပြောတာမှန်ပါတယ်။ ဒါပေမဲ့ အခြားအင်္ဂါရပ်တွေရှိသေးတယ်။ ကာကွယ်ခုခံပိုင်ခွင့်တွေထဲမှာ သေစေတဲ့ထိ ကာကွယ်ခုခံပိုင်ခွင့်အတွက် အင်္ဂါလေးရပ် ထပ်မံပြီး သတ်မှတ်ထားသေးတယ် ဦးကြီး"

"မင်းတို့ဥပဒေတွေကလဲကွာ။ သားရေကွင်းလိုပဲ ဆွဲဆန့်ရင်ဆွဲဆန့်နိုင်သလောက် ရှည်နေတာပါလားကွာ။ ဒါကြောင့် ရှေ့နေမငှားရင် တို့ဘဝဟာ စာမတတ်၊ ပေမတတ်၊ ကြက်ခြေခတ်၊ လက်ဗွေလောက်သာနှိပ်ကြရတဲ့ လူနုံလူအကြီးတွေလို ဖြစ်နေကြရတာကွ"

"ဒါကတော့ ဦးကြီးရယ်။ ဘယ်လောက်ကြီးပဲ ခေတ်ပညာတတ်တတ် သူတတ်ကျွမ်းတဲ့ ပညာနယ်ပယ်မှာ ထူးချွန်ကောင်း ထူးချွန်မယ်။ ဥပဒေရေးရာတွေ၊ တရားစီရင်ရေးတွေကျတော့ ဥပဒေပညာရှင်တွေ၊ တရားသူကြီးတွေ၊ အကျိုးဆောင် ရှေ့နေတွေက သူတို့ရဲ့နယ်ပယ်ဝန်းကျင်မှာ နေ့စဉ်ထိတွေ့ဖြေရှင်းပေးနေကြရလေတော့ သူတို့က ဦးကြီးတို့ထက်ပိုပြီး သိရှိကျွမ်းကျင်ကြတာပေါ့။ ဒီတော့ကား ဥပဒေအရ ဘယ်လိုအရေးယူ အပြစ်ပေးကြရမယ်ဆိုတာကို သူတို့ရဲ့ အဓိကလုပ်ငန်းတာဝန်အရ နှံ့စပ်ကျွမ်းကျင်နေကြရပါတယ်ဦးကြီး။ ဦးကြီးတို့လို မှုခင်းဗဟုသုတမရှိကြသူတွေက ပိုပြီး ခက်ခဲတာပေါ့"

"တကယ်တော့ ဦးကြီးရယ်၊ ဥပဒေဆိုတာ **တားမြစ်ချက်စည်းကမ်းတွေကို လိုက်နာကြသူတွေအတွက် မိတ်ဖက်မိတ်ဆွေကောင်းဖြစ်ပြီး စည်းကမ်းမဲ့သူတွေအတွက်တော့ ရန်သူဖြစ်နေတာပေါ့ ဦးကြီး။** စည်းကမ်းဆိုတာ လိုက်နာစောင့်စည်းအပ်တဲ့ကျင့်ဝတ်တွေပါ။ ဥပဒေက လူကောင်းသူကောင်းလူယဉ်ကျေးတွေကို ကာကွယ်ပေးနေတဲ့ အဖိုးတန်ရတနာဆိုရင် မမှားပါဘူး။ ပြဋ္ဌာန်းချက်၊ တားမြစ်ချက်၊ စည်းကမ်းတွေကိုလိုက်နာနေကြတဲ့ပြည်သူတွေကို ကာကွယ်ပေးနေတာ ဥပဒေပါ။ ပြဋ္ဌာန်းချက်၊ တားမြစ်ချက်၊ စည်းကမ်းတွေကို ဖောက်ဖျက်သူမှန်သမျှကိုလဲ ဥပဒေအရအရေးယူနေကြရတာပါ။ ဥပဒေကို လိုတစ်မျိုး၊ မလိုတစ်မျိုး လုပ်လို့မရဘူး ဦးကြီး"

❖ "တကယ်တော့ ဦးကြီးရယ်၊ ဥပဒေဆိုတာ တားမြစ်ချက်စည်းကမ်းတွေကို လိုက်နာကြသူတွေအတွက် မိတ်ဖက်မိတ်ဆွေကောင်းဖြစ်ပြီး စည်းကမ်းမဲ့သူတွေအတွက်တော့ ရန်သူဖြစ်နေတာပေါ့ ဦးကြီး။ စည်းကမ်းဆိုတာ လိုက်နာစောင့်စည်းအပ်တဲ့ ကျင့်ဝတ်တွေပါ။ ဥပဒေက လူကောင်းသူကောင်းလူယဉ်ကျေးတွေကို ကာကွယ်ပေးနေတဲ့ အဖိုးတန်ရတနာဆိုရင် မမှားပါဘူး။ ပြဋ္ဌာန်းချက်၊ တားမြစ်ချက်၊ စည်းကမ်းတွေကို လိုက်နာနေကြတဲ့ ပြည်သူတွေကို ကာကွယ်ပေးနေတာ ဥပဒေပါ။ ပြဋ္ဌာန်းချက်၊ တားမြစ်ချက်၊ စည်းကမ်းတွေကို ဖောက်ဖျက်သူမှန်သမျှကိုလဲ ဥပဒေအရ အရေးယူနေကြရတာပါ။ ဥပဒေကို လိုတစ်မျိုး၊ မလိုတစ်မျိုး လုပ်လို့မရဘူး ဦးကြီး" ❖

"ဒီလိုဆို ငွေများ တရားနိုင်တယ်ဆိုတာတို့၊ ကြမ်းပိုးကိုလိပ်ဖြစ်အောင်ပြော မျက်နှာပြောင်တိုက်၊ လိမ်ညာလျှောက်လဲနေကြတဲ့ လုပ်ကြံသူဝိုစားရယ်စားနဲ့ ဆွဲချတွေကို မင်းဘယ်လိုပြောမလဲ"

"ဩော်. . . ဦးကြီးရယ်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရသလိုဖြစ်နေပြီ။ လက်ချိုးရေတွက်လို့ရတဲ့ အဂတိလိုက်စားသူ အနည်းစုကို ပုံကြီးချဲ့ကားပြီး ပြောဆိုနေကြတာပါ။ အများစုက ဥပဒေကိုအတိအကျ လိုက်နာကြပါတယ်။ စကားစပ်မိလို့ပြောရဦးမယ်။ ဦးကြီး **အကယ်ဒမီ ငါးဆုရ နှလုံးလှလူမိုက်** ရုပ်ရှင်ဇာတ်ကားကိုကြည့်ဖူးသလား"

"ကြည့်ဖူးတာပေါ့ကွာ။ အထိမ်းအမှတ်ပွဲတွေ၊ နေ့ကြီးရက်ကြီးတွေမှာ တီဗီက မကြာခဏထုတ်လွှင့်ပြသပေးနေပေမဲ့ ဘယ်တော့မှမရိုးတဲ့ ဇာတ်ကားပဲလေ။ ငါသိပ်ကြိုက်တဲ့ဇာတ်ကားကြီးကွ။ ဘာဖြစ်လို့လဲ"

"အဲဒီ ဇာတ်ကားထဲမှာ တရားသူကြီးပြောခဲ့တဲ့ ဥပဒေဆိုတာကိုရော မှတ်မိလား"

"အဲဒါတော့ ငါဘယ်မှာအလွတ်ရပ့ါမလဲကွာ။ မင်းပဲ ပြောပြစမ်းပါအုံး"

"**ရွှေ့နေစာရေးဆရာ ချစ်ကိုကိုယု**ရဲ့ နှလုံးလှလူမိုက်ဝတ္ထု၊ အကယ်ဒမီ ငါးဆုရ၊ ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားကြီးထဲက ဇာတ်ဝင်ခန်းမှာ သားကြီးဖြစ်သူ ခရိုင်တရားသူကြီး ဦးသိန်းကျော် (အကယ်ဒမီနေအောင်) က "**အမေရယ် ဥပဒေဆိုတာ၊ ငိုလို့ရယ်လို့မရပေမဲ့ နှလုံးသားဆိုတာကတော့ စက်တယ်အမေ။ ဥပဒေနဲ့ပတ်သက်လာရင် သားကြီးတို့မှာ လိုက်နာစောင့်ထိန်းရတာတွေရှိတယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်ရပါတယ်အမေရယ်။ အမေ့ဘက်ကကြည့်ရင်တော့ မှန်ပါတယ်။ တရားသူကြီးတစ်ယောက်အနေနဲ့ကျတော့ မျက်နှာလွှဲထားရမဲ့ အနေအထားမှာရှိနေပါတယ်။ ဥပဒေဆိုတာက မိသားစုအတွက် ပြဋ္ဌာန်းထားတာမဟုတ်ဘူး။ အများအတွက် ပြဋ္ဌာန်းထားတာပါ အမေရယ်**" လို့ ပြောသွားတာ ဦးကြီး။ ဒီလောက်ဆိုရင် ဦးကြီးလဲ ဥပဒေရဲ့သဘောသဘာဝကို နားလည်လောက်ပါပြီ။ မတရားတာကို တုံ့ပြန်ရာကဖြစ်ပွားတဲ့ လူသတ်မှုကို အသက်သခင် ညီအရင်းပေမဲ့ သေဒဏ်ပေးလိုက်ရတဲ့ အစ်ကိုကြီး တရားသူကြီးရဲ့ဖြစ်ရပ်ပါ ဦးကြီး။ စောစောက ကျွန်တော်ပြောနေတာလိုရင်းမရောက်ဘဲ စကားလမ်းကြောင်းပြောင်းသွားတာမို့ ဦးကြီး သိချင်နေတဲ့ အဓိကအချက်ကိုပဲ ကျွန်တော်ဆက်ပြီး ရှင်းပြပါ့မယ်"

"အေးပါကွာ။ သေစေတဲ့ထိ ကာကွယ်ခုခံပိုင်ခွင့်အင်္ဂါလေးရပ်က ဘာတွေလဲ"

"သေစေတဲ့ထိ ကာကွယ်ခုခံပိုင်ခွင့် အင်္ဂါလေးရပ်ကို **တစ်အချက်က အငြင်းဖြစ်ပွားခြင်းနဲ့ စပ်လျဉ်းပြီး တရားခံဟာ အပြစ်ကင်းရမယ်၊ နှစ်အချက်က သေဘေး ဒါမှမဟုတ် အကြီးအကျယ်နာကျင်မှုဆိုက်ရောက်တော့မယ်လို့ စိုးရိမ်ဖွယ်အခြေအနေရှိရမယ်၊ သုံးအချက်က ကာကွယ်ခုခံခြင်းမပြုရင် မဖြစ်တော့တဲ့ အခြေအနေရှိရမယ်၊ လေးအချက်က သေစေတဲ့ထိ ပြုဖို့လိုနေရမယ်** ဆိုပြီး သတ်မှတ်ထားတာက ရှင်းနေတယ်။ ဦးကြီးရဲ့မြေး မောင်ချစ်ဟာ အပြန်အလှန် ရန်ဖြစ်နေပြီဆိုကတည်းက အပြစ်မကင်းတော့ဘူးလေ။ ဒါက ရှင်းနေပြီလေ။ ဟိုက ခြံစည်းရိုးတိုင်နဲ့ရိုက်တယ်။ မောင်ချစ်က ဓားနဲ့ပြန်ခုတ်တယ်ဆိုတာကလဲ ကာကွယ်ခုခံပိုင်ခွင့်ဘောင်ကို ကျော်သွားပြီ။ ကာကွယ်ခုခံပိုင်ခွင့်မှာတောင် အမှုသွားအမူလာအခြေအနေကို တရားခွင်မှာ သုံးသပ်ကြတဲ့နေရာမှာ ခုခံပိုင်ခွင့်ထက်ကျော်ပြီး တစ်ချက်မက နှစ်ချက်သုံးချက်ကျော်သွားရင် ခုခံပိုင်ခွင့်ဘောင်ကို ကျော်သွားပြီဦးကြီး"

"ကာကွယ်ခုခံပိုင်ခွင့်အကြောင်းပြောရရင် အရှည်ကြီးပါ၊ အများကြီးပါ ဦးကြီးရယ်။ တရားကိုနှုတ်စောင့်ပါတယ် ဦးကြီးရယ်။ အားမငယ်ပါနဲ့။ ကျွန်တော်က မှုခင်းသတင်းတွေနဲ့ မှုခင်းဖြစ်ရပ်မှန် ဝတ္ထုတွေမှာ တွေ့ကြုံသိရှိခဲ့ရတဲ့ စာသိတွေအရ ဦးကြီးနားလည်နိုင်လောက်ရုံသာ အရပ်စကားနဲ့ ရှင်းပြရတာပါ"

"အင်း. . . ရှင်းသွားပါပြီတူမောင်။ ဦးကြီးက ကြားစကားတွေကို သံသယရှိလို့ မင်းဆီကိုလာမေးရတာပါ။ ဖြစ်လာမှတော့ ရင်ဆိုင်ရမှာပေါ့ကွာ။ ဘာတတ်နိုင်တော့မှာလဲ။ မင်းပြောသလို တရားနှုတ်စောင့်ပါစေလို့ပဲ ဆုတောင်းနေရတော့မှာပေါ့ကွာ"

# ရွှေတိဂုံစေတီတော်တွင် ဆီမီးစေတီတော် လှည့်လည်ပူဇော်ပွဲနှင့် သီတင်းကျွတ်မီးပူဇော်ပွဲ ပြုလုပ်မည်



**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော်တွင် ဆီမီးစေတီတော် လှည့်လည်ပူဇော်ပွဲနှင့် သီတင်းကျွတ်မီးပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၂၈ ရက်) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ရွှေတိဂုံစေတီတော်တွင် ဆီမီးစေတီတော် လှည့်လည်ပူဇော်ပွဲနှင့် သီတင်းကျွတ် မီးထွန်းပွဲတော်ကို ရွှေတိဂုံစေတီတော် ရင်ပြင်တော် ရာဟုထောင့် (အောင်မြေ)တွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းများမှ အသင်းသား၊ အသင်းသူများက ရောင်စုံမီးပုံးများ ကိုင်ဆောင်ကာ လျှပ်စစ်မီး ထွန်းညှိပူဇော်ထားသည့် မီးစေတီများဖြင့် လက်ယာရစ် တစ်ပတ်လှည့်လည်၍ သီတင်းကျွတ် မီးပူဇော်မည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်မှာတော့ ကျွန်တော်တို့ဂေါပကအဖွဲ့အနေနဲ့ အဖိတ်နေ့ ညနေ ၅ နာရီမှာ ရုပ်ပွားတော်တွေနဲ့ ဆီမီးစေတီတော်တွေ လှည့်လည်ပူဇော်ပြီး ညနေ ၆ နာရီကစတင်ပြီးတော့ ရွှေတိဂုံစေတီတော်မှာ သီတင်းကျွတ်မီးပူဇော်ပွဲကို ပြုလုပ်မှာဖြစ်ပါတယ်။ သီတင်းကျွတ်လပြည့်နေ့ မနက် ၅ နာရီ မိနစ် ၃၀ မှာ အသင်းအဖွဲ့တွေနဲ့ ရွှေတိဂုံစေတီတော်ကို မနက်အရုဏ်ဆွမ်းတော်ကြီး ကပ်လှူသွားဖို့ရှိပါတယ်။ မနက် ၉ နာရီ မိနစ် ၃၀ မှာ ဝါတွင်းသီလခံယူပွဲနဲ့ ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲအခမ်းအနား ပြုလုပ်သွားမှာဖြစ်ပါတယ်။ ရွှေတိဂုံသြဝါဒါစရိယ ဆရာတော်တွေကိုယ်တိုင် ကြွရောက်ကြမှာဖြစ်ပါတယ်။ အဲဒီနောက် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းမှာဖြစ်ပါတယ်။ အများပြည်သူတွေအနေနဲ့ ရွှေတိဂုံစေတီတော် ဘေးပတ်ပတ်လည်က ဆီမီးခုံတွေနဲ့ ဘေးတန်ဆောင်းမှာ ထွန်းလှူနိုင်မှာဖြစ်ပါတယ်။ ဆီမီးထွန်းလှူ ပူဇော်နိုင်အောင် စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ASH

# The Boogeyman နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရန်အစီအစဉ်ရှိဟု ဒါရိုက်တာဘော့ဆားဗိတ် ပြော

**နယူးယောက် အောက်တိုဘာ ၁၂**

The Boogeyman နောက်ဆက်တွဲဇာတ်ကားကို ရိုက်ကူးရန် အစီအစဉ်ရှိသည်ဟု ဒါရိုက်တာ ဘော့ဆားဗိတ်က အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

မိမိ၏စိတ်ကူးထဲတွင်The Boogeyman နောက်ဆက်တွဲဇာတ်ကားအတွက် ဆန်းပြားသည့်စိတ်ကူးတစ်ခု ရှိနေကြောင်း ဒါရိုက်တာ ဘော့ဆားဗိတ်က ပြောကြားခဲ့သည်။

ဒါရိုက်တာဘော့ဆားဗိတ်သည် ကမ္ဘာကျော်အမေရိကန် စာရေးဆရာစတီဖင်ကင်း၏ The Boogeyman ဝတ္ထုကို ရုပ်ရှင်အဖြစ် အသက်သွင်းခဲ့သူဖြစ်ကြောင်း သိရသည်။

၂၀ ရာစု ရုပ်ရှင်စတူဒီယိုက ထုတ်လုပ်ဖြန့်ချိသည့် The Boogeyman ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၃ သန်းထိ ရရှိခဲ့သည်။

The Boogeyman ဇာတ်ကား နောက်ဆက်တွဲအတွက် မိမိ၏စိတ်ကူးသည် အထက်ပါဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်မလာခဲ့လျှင် ဂန္ထဝင်မြောက် ထိတ်လန့်သည်းဖို ဇာတ်ကားတစ်ကားဖြစ်လာနိုင်ကြောင်း ဒါရိုက်တာ ဘော့ဆားဗိတ်က ပြောကြားထားသည်။

The Boogeyman ဇာတ်ကားတွင် မင်းသား ဒေးဗစ်ဒက်မေချီယန်၊ မင်းသမီး ဆိုဖီသက်ချာတို့ ပါဝင်ထားကြောင်း သိရသည်။

Ref: RT

Trs: KKO




# ပြင်ဦးလွင်တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို နိုဝင်ဘာလတွင် ကျင်းပသွားမည်ဖြစ်

**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား (ပြည်ချစ်ဘုရား)အနီး မီးပုံးပျံကွင်းတွင် နိုဝင်ဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂၈ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ကျင်းပရေးကော်မတီဝင် ဦးဝင်းမြင့်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ မီးပုံးပျံပွဲတော်ကို မဟာအံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားအနီး မီးပုံးပျံလွှတ်ကွင်းတွင်လည်းကောင်း၊ မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲနှင့် ဆီမီး



ယခင်နှစ်က ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်

၉၀၀၀ ပူဇော်ပွဲကို မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားရင်ပြင်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ဟာ နှစ်စဉ် ပြည်တွင်းပြည်ပ ခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိတဲ့ မီးထွန်းပွဲတော်တစ်ခု ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၁ ခုနှစ်တွေမှာ မကျင်းပနိုင်ခဲ့ပါဘူး။ ၂၀၂၂ ခုနှစ်ကစပြီးတော့ စည်စည်ကားကားနဲ့ ပြန်လည်ကျင်းပနေပြီဖြစ်ပါတယ်။ ဒီနှစ်မှာကျင်းပမဲ့ ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကတော့ (၁၇) ကြိမ်မြောက်ဖြစ်ပါတယ်။ စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းကျင်းပသွားဖို့ စီစဉ်နေပါတယ်"ဟု ဦးဝင်းမြင့်က ပြောပြသည်။

ASH

# Superman:Legacy ဇာတ်ကား၌ ဂျေဆင်မိုမိုအာ ဗီလိန်ဇာတ်ကောင်အဖြစ် ပါဝင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၁၂**

Aquaman မင်းသား ဂျေဆင်မိုမိုအာသည် Superman: Legacy ဇာတ်ကား၌ ဗီလိန်ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

မင်းသား ဂျေဆင်မိုမိုအာသည် လက်ရှိတွင် Superman: Legacy ဇာတ်ကား၌ ဗီလိန်ဇာတ်ကောင် လိုဘိုအဖြစ် ပါဝင်ရေးအတွက် မာဗယ်စတူဒီယိုနှင့် ဆွေးနွေးလျက်ရှိပြီး လိုဘို (Lo Bo)ဇာတ်ကောင်သည် ၁၉၈၀ ပြည့်နှစ်ကာလ အမေရိကန်ရုပ်ပြကာတွန်းများတွင် ပေါ်ထွက်ခဲ့သည့်ဇာတ်ကောင်ဖြစ်သည်။

Superman: Legacy ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒေးဗစ်လက်စလီဂျွန်ဆင်ဗက်ဂိုးဒရစ်က ရေးသားထားပြီး ကမ္ဘာကျော် ဒါရိုက်တာ ဂျိမ်းဂန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဂျေဆင်မိုမိုအာ နောက်ဆုံးပါဝင်ထားသည့်ဇာတ်ကားမှာ Aquaman and the Lost Kingdom ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref: RT

Trs: KKO



# သရုပ်ဆောင် ညီနန္ဒမိသားစုက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အိမ်ထောင်စု ၃၀၀ ကို ထောပတ်ထမင်းနှင့် ကြက်သားဟင်း လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၂**

သရုပ်ဆောင် ညီနန္ဒမိသားစုက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အိမ်ထောင်စု ၃၀၀ အား ထောပတ်ထမင်းနှင့် ကြက်သားဟင်း ကျွေးမွေးလှူဒါန်းခြင်းကို အောက်တိုဘာ ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါ ထောပတ်ထမင်းနှင့် ကြက်သားဟင်းပွဲ ၆၀၀ ကျွေးမွေးလှူဒါန်းခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ (၃၃) ရပ်ကွက်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သရုပ်ဆောင် ညီနန္ဒ၏ဇနီး မနန်းထိုက်အောင်နှင့် သမီး စနိုးကြည်ဖြူမိသားစုက မနန်းထိုက်အောင်၏ မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် ကျွေးမွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

"ဇနီးဖြစ်သူရဲ့ မွေးနေ့အလှူအနေနဲ့ (၃၃) ရပ်ကွက် သင်းဝင်လမ်းမှာရှိတဲ့ ကန်ဦးကျောင်းတိုက်မှာလဲ ကျောင်းရှိသံဃာတော်တွေကို ကြက်သားဟင်းနဲ့ ထောပတ်ထမင်း ဆက်ကပ်ခဲ့ပါတယ်။ အနီးဝန်းကျင်က အိမ်ထောင်စုတွေကိုလဲ ထောပတ်ထမင်းနဲ့ ကြက်သားဟင်းပွဲ ၆၀၀ အာဟာရဒါန ကျွေးမွေးလှူဒါန်းပါတယ်။ ကျွန်တော် ရောင်းချနေတဲ့ ကိုနန္ဒထောပတ်ထမင်း လေးနှစ်ပြည့်တဲ့ အထိမ်းအမှတ်အလှူလို့လဲ ပြောလို့ရပါတယ်"ဟု သရုပ်ဆောင် ညီနန္ဒက ပြောပြသည်။

သရုပ်ဆောင် ညီနန္ဒ မိသားစုသည် စေတနာရှင်၊ အလှူရှင်များနှင့်တွဲဖက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်တချို့ရှိ အိမ်ထောင်စုများအား ဆန်၊ ဆီ၊ စားသောက်ကုန်များ၊ ထောပတ်ထမင်းနှင့် ဟင်းများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ASH

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses Myanmar Special Economic Zone Central Committee meeting 1/2023



Vice-Senior General Soe Win addresses the meeting.

**Nay Pyi Taw October 12**

The Myanmar Special Economic Zone Central Committee held the meeting 1/2023 at the Ministry of Commerce here this afternoon addressed by Chairman of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were members of the committee, union ministers and deputy ministers, management committee chairs of Thilawa, Kyaukphyu and Dawei SEZs, directors general and officials. Chief ministers of Yangon Region, Taninthayi Region and Rakhine State attended the meeting through video conferencing.

Vice-Senior General said SEZs are set up in global countries including Myanmar as they attract investments, generate job opportunities, increase exports, serve as a link to widen the economic scope, support the global value chain, and ensure economic progress and success effectively by producing a large variety of goods through industrial development.

SEZs are offering fiscal incentive, regulatory incentive, and infrastructure incentive.

Statistics in 2022 indicate that 145 countries have about 7000 SEZs, generating over 100 million job opportunities. They can also develop industrial policies and attract international investment more, apart from creating job opportunities.

SEZs of developing countries are prioritizing the trade facilitation process which is the base for turning MSMEs into modern and innovative industries. SEZs are also being turned into integrated zones that house service industries in addition to production industries. SEZs must be supportive of the encouragement given by the SAC to develop MSMEs. A comprehensive SEZ Law could be enacted in 2014 through amendments, and its rules were enacted in 2015.

The country now has three SEZs. It launched Thilawa SEZ in 2013, and is implementing Kyaukphyu and Dawei SEZs according to year-wise plans. Normally, the national interest must be prioritized in economic undertakings, but due to economic connections, friendship and common interest should also be taken into account seriously.

Thilawa SEZ is successfully conducting business and is standing as a renowned zone in the region. The relevant ministries should strive to maintain the foreign investment opportunities and to facilitate the existing businesses with the goal of attracting new companies and investors through coordination.

Thilawa SEZ is located on 667.275 hectares formed with Zone A and Zone B where Free Zone and Promotion Zone are formed to manage export process and import-substitute manufacturing process. There are 114 companies in the zone with foreign investments of 21 countries. Its investment amounts to US$2,190.79 million. The zone occupies 3.6 per cent of GDP in 2022-23 financial year, one per cent of the nation-wise export volume in 2022 and three per cent of export valume of the private sector.

In reviewing the work accomplishment of the zone in 2023-24 financial year, the zone managed export value worth US$54.945 million and import value worth US$162.653 million,totalling 217.598 million from April to July. During the period, the State earned K22 billion of various revenues. As it was a four month period, it is necessary to continue striving for earning a greater amount of revenues and trade this financial year. Moreover, three companies in the free zone and one company in the promotion zone in Thilawa SEZ could not launch production of sport equipment, vehicles, wires, circuit chips, plastic machine parts, foodstuff and softdrinks due to various reasons but they now are in operation thanks to efforts of the management committee. As such, the supervisory committee needs to provide necessary fulfilment to the factories to timely complete the process and launch the export process via manufacturing.

With regard to the significangt event of the zone, employees from an invested company in the zone abused licences of other company for seeking the import of illegal goods. So, illegal import of goods worth more than US$2 million were exposed and seized. As such, it is necessary to emphasise further necessary supervision not to cause similar cases again. The management must be made under the work procedures that after mother companies had paid back the loans of the companies in SEZs, the list of these companies must be removed from the foreign loan borrower list. In addition, it is necessary to make arrangements for foreign investments of new companies to invest US dollar and any foreign currencies approved by the Myanmar Foreign Trade Bank and the Central Bank of Myanmar. As the CBM is negotiating the legal currency exchange and use with partner countries, the management committees need to inform the newly-contacted relevant companies about currency affairs.

Among three economic objectives of the State Administration Council, stablizing the market economic system and inviting the foreign investments to develop the economy of the entire people is the most important.

In order to accomplish the objective, relevant ministries are to give good service internationally to companies in the zones in order to practically implement the SOPs. if so, further foreign investments can be invited, and an emphasis can be placed on economic development. As the chairmen and members have been reformed at the management committees to properly lead the SEZs, the relevant management committees have to supervise giving better services with systematic formation of one-stop service centres in SEZs in order to gain greater progress and increase the export volume. Moreover, the companies in the zones must be managed to have convenience in manufacturing.

In operating the businesses, necessary raw materials must be imported while quality raw materials from MSME businesses at home must be used as much as possible.

As developed countries are using the multimodel transport services on a wider scale. Myanmar needs to make preparations so as to use apply the multimodel transport services in connection with the special economic zones.

Moreover, arrangements are being made to implement the Kyaukpyu-Mandalay-Muse railway project to contribute to Kyaukpyu SEZ project, and upon completion, it will help improve better commodity flow between Myanmar and China.

A framework agreement of the deep-sea port project regarding the Kyaukphyu Special Economic Zone was signed on November 8, 2018. The Shareholders' Agreement was signed in January 2020 and the Concession Agreement in November 2020. There are some points that can be contradicted by the two sides regarding previous treaties signed between the two countries, and the Head of State has already authorized a discussion to be held for negotiations. It is therefore necessary to ensure positive discussions between the two sides under the leadership of the chairman of the central work committee in order to achieve a win-win situation.

Once discussions are held, the conditions precedent must be completed in advance so that the deep-sea project of the Kyaukphyu Special Economic Zone can begin as soon as possible. Therefore, the relevant ministries, the government of Rakhine State, and the Kyaukphyu Management Committee need to cooperate to complete the preparatory measures within the specified period.

In the Kyaukphyu Special Economic Zone, the deep-sea port project is important and can benefit the locals and the State, so it is necessary to achieve success. By implementing the project successfully, Myanmar will be able to engage in the Myanmar-China Economic Corridor Cooperation Project, thereby strengthening the cooperation between the two countries.

The Head of State has also given guidelines to successfully implement the projects in a short time. Therefore, I would like to inform you that the necessary discussions will continue so that they can be completed in a short period of time and the project can start.

Similarly, despite the project starting in 2008, the Italian-Thailand company has halted the operation for various reasons, and the work has already been suspended.


As systematic measures will be taken for transfer and acceptance and invitation of another investor in line with the international procedures, members of the Myanmar Special Economic Zone Central Committee and the Working Committee are to work together to obtain new foreign investments.

The Special Economic Zone Management Committees need to notify the Central Work Committee of their tasks for approval to continue to carry out the work. Moreover, great care is necessary with expenses.

More special economic zones will contribute to the national economic development, as well as employment opportunities and living standards for local people. Therefore, the respective management committees are to make more efforts in doing their work in accordance with laws and procedures to improve

See page 13

# Gold foils offered to Shwe Moe Kaung Pagoda in Waingmaw



An aerial view of the Shwe Moe Kaung Pagoda in Waingmaw.

**Waingmaw October 12**

Gold foils will be offered to Shwe Moe Kaung Pagoda in Waingmaw Township, Kachin State, according to reports of the Shwe Moe Kaung Pagoda Gold Foil Steering Committee on October 8.

It is located on Shwe Moe Mountain on the bank of the Ayeyawady River, Mai Na Village, Waingmaw Township, Kachin State.

Then by the donation of the families of the Tatmadaw (Army, Navy and Air) led by the Chairman of the State Administration Council, Prime Minister, Commander-in-Chief of the Defence Services Senior General Min Aung Hlaing, Kachin State Government and generous donors from near and far in Myitkyina and Waingmaw townships, golden umbrella was offered to the Pagoda on March 19, 2018. At the time of the offering of the golden umbrella ceremony, more than one viss of pure gold was offered to the great pagoda so that it could be worshipped. It has now been more than five years, and the colors of the gold foils that were donated have faded due to weather and wind. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# K590 million loaned to cooperative society member farmers in Mandalay to grow monsoon paddy

**Mandalay October 12**

Local farmers who are members of the Cooperative Society in seven townships in Mandalay Region have been given a loan of over K590 million to grow monsoon paddy, said U Hlaing Moe, assistant director of Mandalay Region Cooperatives Department.

The Regional Cooperative Syndicate loaned K594.05 million to 896 members of 37 cooperative societies in seven townships to cultivate 3,963 acres of monsoon paddy. The loans started in July.

"The Regional Cooperative Syndicate provided agricultural loans to member farmers. There were 896 farmers in total. Such loans are being provided because rice prices are getting very high. The loan is K200,000 per acre for buying agricultural inputs. The interest rate is one percent and the interest rate will be charged every six months," he explained. 185



A paddy field.

# Businesspersons have to renew licence for storage of oil and oil products by 31 Dec

**Nay Pyi Taw October 12**

The Ministry of Natural Resources and Environmental Conservation stated that renewal of licences for storage of oil and oil products must be done within 1 November to 31 December this year.

The oil storage licence issued by the Mining Department under the ministry will be invalid on 31 December this year.

In accord with Oil Rule 119, the licence must be renewed two months ahead of expiry period for next year.

The overdue licence will be fined as 2 per cent of the licence fee per day starting from 1 January 2024.

The application for renewal of licence must be attached to original licence, field inspection certificate copy, and documentary photos on filling stations and oil storage tanks.

For further information, dial 067-3409376 of the Mining Department of the Ministry of Natural Resources and Environmental Conservation. 336



A local fuel station.

# Authorities plan to distribute water to over 6,000 acres of winter crops in Magway and Chauk districts

**Magway October 12**

Authorities are planning to distribute water from the four water supply projects in Magway and Chauk districts to cultivate more than 6,000 acres of winter crops during the winter season of 2023-2024 FY, according to U Myint Oo, Director of Department of Irrigation and Water Utilization Management (Water Resources) for Magway Region.

"During that period, agricultural water will be distributed from the water supply projects to enable the cultivation of rice, chickpea, sunflower, and sesame crops. In Chauk District, the Umin Kopauk water supply project will distribute water for 1,550 acres and Salay Pakhan Nge water supply project will distribute water for 2,300 acres, totaling 3,850 acres of winter crops. Also, in Magway district, the Thaphan Seik water supply project will distribute water for 1,800 acres and Myinkun water supply project will distribute water for 500 acres, totaling 2,300 acres of winter crops, said U Myint Oo. Pho Htet (Minbu)

**From page 12**

the special economic zones.

Joint Secretary of the Myanmar Special Economic Zone Central Committee Deputy Minister for Commerce U Min Min explained the implementation of the resolutions of the meeting (1/2022).

Then, Central Committee Secretary (1) Union Minister U Aung Naing Oo explained matters related to the country's special economic zones.

After that, the chairmen of the management committees of the Thilawa and Kyaukphyu Special Economic Zones read out the messages to the meeting of the central committee and sought approval.

Union Ministers General Mya Tun Oo, U Win Shein, U Aung Naing Oo, U Ko Ko Hlaing, Dr Kan Zaw, Dr Thidar Oo, U Min Naung, U Khin Maung Yi, Dr Charli Than, U Myint Kyaing, U Myint Naung, U Tun Ohn and U Myo Thant, the chief ministers of the regions and states, Deputy Minister for Energy U Thant Sin, zone chairmen gave their suggestions and reported on their respective sectors.

Then, the central committee secretary read the draft resolution of the meeting (1/2023) and sought approval.

Later, the Vice-Senior General coordinated necessities and made a concluding remark.

100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းအရှေ့ပိုင်းရှိ Luhansk Oblast တွင် ရုရှားအထူးတပ်ဖွဲ့က Ghoul ဒရုန်းကို စတင်အသုံးပြုနေ



ရုရှားအထူးတပ်ဖွဲ့များသည် ယူကရိန်းအရှေ့ပိုင်းရှိ Luhansk Oblast တွင် Ghoul FPV (First-Person View) ဒရုန်းကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက်က TASS သတင်းဌာနအဆိုအရ သိရသည်။

ဤဒရုန်းသည် ၆-၁၂ ကီလိုမီတာ အကွာအဝေးကို အမြင့်ဆုံးအမြန်နှုန်း 180 km/h ဖြင့်ပျံသန်းနိုင်စွမ်းရှိသည်။ အင်တာနာများနှင့် ကိုယ်ထည်အစိတ်အပိုင်းများ အပါအဝင် ဒရုန်း၏အချို့သော အစိတ်အပိုင်းများကို 3D နည်းပညာကို အသုံးပြု၍ ဖန်တီးထားသည်။ ပေါက်ကွဲအားပြင်းသည့် RPG-7 လက်ပစ်ဗုံးများဖြစ်သော PG-7VL၊ RKG-3M တင့်ဖျက်လက်ပစ်ဗုံးများ၊ ပေါက်ကွဲစေသော ခဲယမ်းများကို သယ်ဆောင်တပ်ဆင်၍ တိုက်ခိုက်ရေးဇုန်များတွင် တိုက်ပွဲဝင်နိုင်စွမ်းရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ghoul FPV ဒရုန်းသည် စစ်ဆင်ရေးလမ်းကြောင်းတစ်လျှောက်ရှိ ထိတွေ့တိုက်ပွဲဖြစ်ရာ ရန်သူခြေလျင်တပ်ရင်းများနှင့် စက်လက်နက် ပစ္စည်းကိရိယာများကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ ထို့ပြင် ထုတ်လုပ်ရေးကုမ္ပဏီက ဒရုန်းပျံသန်းမှုအကွာအဝေးကို နှစ်ဆထိ မြှင့်တင်ပေးနိုင်သည့် Extender ဟု ခေါ်သော Aerial Repeater ကိရိယာ တစ်ခုကိုလည်း ထုတ်လုပ်ခဲ့သည်။

Donetsk နှင့် Belgorod ဒေသများအပြင် Kherson ဒေသဧရိယာရှိ ရုရှားတပ်ဖွဲ့များတွင် ယခင်က တပ်ဖြန့်အသုံးပြုခဲ့ဖူးသည့် Ghoul ဒရုန်းသည်တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားနေချိန်အတွင်းမှာပင် ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းကို သက်သေပြခဲ့ကြောင်းထုတ်လုပ်ရေးကုမ္ပဏီ၏ ကိုယ်စားလှယ်များထံမှ သိရသည်။

ရုရှားမီဒီယာ၏အဆိုအရ Ghoul ဒရုန်းများတပ်ဆင်ထားသော တပ်ဖွဲ့ဝင်များသည် ထူထပ်သော သစ်တောများနှင့် မြင်ကွင်းမရှင်းသော မြေမျက်နှာသွင်ပြင် အနေအထားများ၌ပင် ပုံဖျက်ဖုံးကွယ်ထားသည့် အခိုင်အမာရန်သူတပ်စခန်းများကို ချေမှုန်းနိုင်ခဲ့သည်ဟုဆိုသည်။ ရန်သူ့ကတုတ်ကျင်းများနှင့် အခြား ခံစစ်နေရာများကို ထိထိရောက်ရောက် ပစ်မှတ်ထား တိုက်ခိုက်နိုင်ပြီး အလွန်နိမ့်သော အကွာအဝေးမှ အနေးပျံသန်း၍ ပစ်မှတ်များထံ လျှို့ဝှက်စွာ ချဉ်းကပ်တိုက်ခိုက်နိုင်သည်ထိ အဆိုပါဒရုန်းများသည် စစ်ကစားနိုင်စွမ်းရှိသည်။ ယူကရိန်းနှင့် ရုရှားတပ်ဖွဲ့နှစ်ဖွဲ့စလုံးတွင် အသုံးပြုသည့် Ghoul ဒရုန်းကဲ့သို့သော FPV ဒရုန်းများသည် စစ်မြေပြင်တိုက်ခိုက်ရေးအခြေအနေများတွင် အားသာချက်များစွာ ရရှိပိုင်ဆိုင်ထားနိုင်စေသည်။

ပထမဦးစွာ ဒရုန်းအော်ပရေတာသည် အထူးပြုလုပ်ထားသောဦးထုပ် သို့မဟုတ် မျက်မှန်များမှတစ်ဆင့် ဒရုန်းပတ်ဝန်းကျင်ကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ကာ ဒရုန်း၏ စစ်ကစားနိုင်မှုနှင့်တိုက်ခိုက်စွမ်းရည်တို့ဖြင့် တိုက်ပွဲကို အဆင်ပြေချောမောစွာ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

ကျစ်လျစ်သိပ်သည်းစွာ တည်ဆောက်ထုတ်လုပ်ထားသဖြင့် ကိုယ်ပျောက်စွမ်းရည်ရှိသော Ghoul ဒရုန်းကဲ့သို့ FPV ဒရုန်းများဖြစ်သည်။ ၎င်းတို့၏ ရည်မှန်းချက်တာဝန်များထမ်းဆောင်ရာတွင် သတိရှိရှိ လုပ်ဆောင်နိုင်ပြီး ပိုမိုကြီးမားသော ဒရုန်းများနှင့်နှိုင်းယှဉ်ပါက ထောက်လှမ်းမှုနှင့် ပျက်စီးဆုံးရှုံးနိုင်မှုအန္တရာယ်တို့ကို လျှော့ချနိုင်စေသည်။

**Meet 3D-printed Ghoul drone used by Russian Special Forces in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေး၏ Iron Dome အားနည်းချက်ကို ရုရှားစစ်ရေးကျွမ်းကျင်သူတစ်ဦး ပြောကြားခဲ့

ဂါဇာကမ်းမြောင်ဒေသမှ မမျှော်လင့်ဘဲ ရုတ်တရက် ဒုံးကျည်အစင်း ၃၀၀၀ ကျော်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး အချို့ဒုံးကျည်များကိုသာ အစ္စရေး၏ Iron Dome စနစ်ဖြင့် ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ရုရှားစစ်ရေးကျွမ်းကျင်သူ Alexei Leonkov က Spuntik သတင်းဌာနသို့ အောက်တိုဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

ဒုံးကျည်အများစုသည် အစ္စရေးနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်ဝင်ရောက်၍ အစ္စရေးနိုင်ငံ မြို့များစွာကို ထိမှန်ခဲ့သည်။ အဆိုပါ ဒုံးကျည်တိုက်ခိုက်မှုများနှင့်အတူ ဟားမတ်စ် စစ်သွေးကြွတပ်ဖွဲ့များသည် အစ္စရေးနိုင်ငံတောင်ပိုင်း နယ်စပ်ဧရိယာများအတွင်းသို့ ထိုးဖောက်ဝင်ရောက်၍ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

"ဒါဟာ တကယ့်ကိုပဲ သမိုင်းဝင်ဖြစ်စဉ်တစ်ခုဖြစ်သွားတာပါ။ တကယ်လို့ ပြိုင်ဘက် ရန်သူတစ်စုံတစ်ဦးဟာ လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တိုက်ခိုက်ဖို့ ကြိုးစားမယ်ဆိုရင် ကိုယ့်ပြိုင်ဘက်ရဲ့ လေကြောင်းရန် ကာကွယ်ရေးစွမ်းရည် ထက်ကျော်လွန်ကောင်းမွန်တဲ့ တိုက်စွမ်းအားကို ပိုင်ဆိုင်ထားရမယ်လို့ တွက်ချက် သုံးသပ်နိုင်တယ်။ ဥပမာပြောရရင် အစ္စရေးမှာ ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ၂၀၀၀ ရှိတယ်ဆိုပါတော့ ကျွန်တော်တို့ တိုက်မယ်ဆိုရင် ဒုံးကျည် ၄၀၀၀ လိုပါမယ်" ဟု Leonkov က Spuntikသတင်းဌာနသို့ ပြောကြားခဲ့သည်။

"ဟားမတ်စ်အနေနဲ့ ဒီတိုက်ခိုက်မှုကို လုပ်ဆောင်ဖို့ အစ္စရေးရဲ့လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အတိအကျ သိရှိပြီး ဆက်လက်တိုက်ခိုက်မှုတွေ လုပ်ဆောင်နေဖို့အတွက် သေချာပြင်ဆင်ထားတာပဲဖြစ်ပါတယ်။ အဲဒါက Iron Dome ကို နောက်ထပ်တစ်ကြိမ် ကျည်ထိုးနိုင်မဲ့ ဒုံးကျည်အရေအတွက် (Overload)ကို တွက်ချက်နိုင်စေခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကျွမ်းကျင်သူ၏ အဆိုအရ Iron Dome ကို ထိုးဖောက်ကျော်လွှားနိုင်ခဲ့ခြင်းတွင် အကြောင်းရင်းနှစ်ခုရှိသည်။ ပထမအချက်မှာ အစ္စရေး၏ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်ကို ရှောင်တိမ်းသွားနိုင်သည်။



"လေကြောင်းရန်ကာကွယ်ရေးစနစ်ဆိုတာ လုံးဝအမှားအယွင်းမရှိတဲ့စနစ် မရှိဘူးဆိုတာကို သတိပြုပါ။ ဒါက စနစ်ရဲ့ ဒီဇိုင်းနဲ့ ဖွဲ့စည်းပုံအခြားအရာတွေနဲ့ သက်ဆိုင်ပါတယ်။ အစ္စရေးက ဒုံးကျည်အစင်း ၅၀၀၀ ကို တစ်ပြိုင်နက် ပစ်လွှတ်တိုက်ခိုက်လာမယ်လို့ မျှော်လင့်ထားတယ်ဆိုရင် အစ္စရေးထောက်လှမ်းရေးက Iron Dome ဒုံးပစ်လောင်ချာတွေနဲ့ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တွေကို အလျင်အမြန် ဆုံးကျည်ပြန်ထိုးနိုင်ဖို့ အမြောက်အမြား စုဆောင်းထားနိုင်ပါလိမ့်မယ်"ဟု ကျွမ်းကျင်သူက ပြောကြားခဲ့သည်။

ဒုတိယအကြောင်းရင်းမှာ ပစ်မှတ်အား တိုက်ခိုက်ရေး ဒုံးပစ်လောင်ချာစနစ်၏ မနိုင်ဝန် ထမ်းခဲ့ရခြင်းဖြစ်သည်။ Iron Dome သည် ပစ်မှတ် ၂၀၀ ခန့်ကို ခြေရာခံနိုင်ပြီး ၁၀၀ ကျော် ပစ်ချနိုင်သည့် ဘက်စုံစနစ်တစ်ခုဖြစ်သည်ဟု အစ္စရေးက ဆိုထားသည်။ လက်ရှိတိုက်ခိုက်မှုတွင် လမ်းညွှန်မဲ့ Qassam ဒုံးကျည်များ အစုလိုက်အပြုံလိုက် ပစ်လွှတ်လိုက်ခြင်းသည် ဒုံးကျည်အားလုံးကို ခြေရာခံထိန်းကျောင်းနိုင်သည့် စွမ်းရည်ကို ကျဆင်းသွားစေခဲ့သည့်အတွက် ဖြစ်သည်။

ယခုအကြိမ်သည် အစ္စရေးကို ပထမဆုံး အစုလိုက်အပြုံလိုက် ပစ်ခတ်တိုက်ခိုက်ခံရမှုမဟုတ်ကြောင်းလည်း ကျွမ်းကျင်သူက ထောက်ပြသည်။

"၂၀၂၀ ပြည့်နှစ်မှာ အစ္စရေးကို ဒုံးကျည် ရာနဲ့ချီပစ်ခတ်ခဲ့တဲ့ထိ ဟားမတ်စ်တွေရဲ့ တိုက်ခိုက်မှုစွမ်းအား တိုးမြှင့်လုပ်ဆောင်လာတာကို တွေ့ခဲ့ရပါတယ်။ Iron Dome က အများစုကိုပျက်ပြယ်အောင် စွမ်းဆောင်နိုင်ခဲ့ပေမဲ့ အချို့ဒုံးကျည်တွေကတော့ အစ္စရေးပိုင်နက်ထဲ ကျရောက်ခဲ့ပါတယ်။ ဒါဟာအစ္စရေးရဲ့ လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို ဟားမတ်စ်တွေရဲ့ ထိုးထွင်းသုံးသပ်နိုင်မှုကို ရရှိသွားစေခြင်းလဲ ဖြစ်ပါတယ်"ဟု Leonkov က ရှင်းပြခဲ့သည်။

**Military Expert Weighs in on Israel's Iron Dome Vulnerability ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မအူပင်မြို့နယ်တွင် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိ ဈေးကောင်းရရှိလာ



**မအူပင် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ပဲလွမ်းဖြူ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မအူပင်မြို့နယ်မှလယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် စက်တင်ဘာလက ပဲလွမ်းဖြူ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၁၀၀၀ ထိသာ ဈေးရှိခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ ထိုသို့ ဈေးကောင်း ရရှိလာခြင်းသည် ဒေသထွက်ပဲလွမ်းဖြူများကို ရန်ကုန်ဘက်က ဝယ်ယူအားကောင်းလာပြီး အထွက်နှုန်းနည်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန်ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ သိသိသာသာကို အဝယ်လိုက်လာတာပါ။ အခု အဝယ်လိုက်နေတဲ့အပြင် ဈေးကောင်းလဲရရှိလာပါတယ်။ ပြီးခဲ့တဲ့လတွေကနဲ့စာရင် ၂၄ ပြည်ဝင်တစ်အိတ်ကို ငွေကျပ် ၁၅၀၀၀ ထိ ဈေးပိုရနေပါတယ်။ ပဲဈေးတွေက အခုထက်ကောင်းလာဖို့ပဲရှိပါတယ်။ ဒေသထွက်ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာပါ။ ပဲအထွက်နည်းလာတာနဲ့ အဝယ်လိုက်နေတာကြောင့် ဈေးကောင်းရရှိနေတာပါ"ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့် စပါး၊ ဆန်၊ ရာသီထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆူးလေကုန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသိမ့်သိမ့်ကျော်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဆူးလေကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၀၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅၄သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ကော့မှူးမြို့နယ် လာဝတီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မည့်နေရာ စစ်ဆေး

**ကော့မှူး အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် လာဝတီကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည့်နေရာကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၉ သန်းဖြင့် လာဝတီကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများကို စတင်ဆောင်ရွက်ပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီဝင်များကို မှာကြားသည်။

တွံတေးခရိုင် ကော့မှူးမြို့နယ် လာဝတီကျေးရွာတွင် အရှည် ပေ ၅၁၀၊ အကျယ် ခုနစ်ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းနှင့် အရှည် ၃၂၅ ပေ၊ အကျယ် ကိုးပေ၊ အမြင့် ခုနစ် လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၁၀-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

### အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)




မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

> **အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ တိုးတက်မှုရရှိလာမည်ဖြစ်. . .**

၂၁ ရှေ့မှအဆက်

ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိနိုင်ငံအပါအဝင် နိုင်ငံတကာရှိ အထူးစီးပွားရေးဇုန်များကို ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပို့ကုန်ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်း၊ စီးပွားရေးကို ပိုမိုကျယ်ပြန့်လာစေရန် ချိတ်ဆက်ပေးနိုင်ခြင်း၊ ကမ္ဘာ့တန်ဖိုးကွင်းဆက် (Global Value Chain)ကို အထောက်အကူပြုစေခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ထုတ်ကုန်အမျိုးအစားများစွာ ထုတ်လုပ်လာနိုင်ခြင်းများကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်အောင်မြင် စွာဆောင်ရွက်နိုင်သည့်အတွက် ထူထောင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်များတွင် ငွေကြေးဆိုင်ရာဆွဲဆောင်မှု (Fiscal Incentive)၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ခွင့်ရှိသည့် ဆွဲဆောင်မှု (Regulatory Incentive)၊ ရေ၊ မီး၊ လမ်းတံတားစသည့် အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်အောင်ဆောင်ရွက်ပေးသည့် ဆွဲဆောင်မှု (Infrastructure Incentive) စသည်များကို ခွင့်ပြုဆောင်ရွက်ပေးနေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် စာရင်းများအရ နိုင်ငံပေါင်း ၁၄၅ နိုင်ငံ၌ အထူးစီးပွားရေးဇုန် ၇၀၀၀ ခန့်ရှိနေပြီး အလုပ်အကိုင်အခွင့်အလမ်းသန်းပေါင်း ၁၀၀ ကျော်ခန့်ဆောင်ရွက်လျက်ရှိသည်ကိုသိရှိရကြောင်း၊ အထူးစီးပွားရေးဇုန်များသည် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် အထောက်အကူပေးနိုင်သကဲ့သို့ စက်မှုဆိုင်ရာမူဝါဒများ၏ဖြစ်ပေါ်တိုးတက်မှုအသစ်များဖြစ်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုဆွဲဆောင်နိုင်သည်ကို တွေ့ရှိရကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏အထူးစီးပွားရေးဇုန်များတွင် အခြေခံအားဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေနိုင်သည့်လုပ်ငန်းစဉ်များကို ပိုမိုအလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများကို ပိုမိုခေတ်မီပြီးတီထွင်ဆန်းသစ်သည့် စက်မှုလုပ်ငန်းများအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများအပြင် ဝန်ဆောင်မှုများပါဝင်သည့် Integrated Zones အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြစ်ခြင်းကို အသိပေးလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားပေးမြှင့်တင်ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ပိုမိုပြည့်စုံပြီး ကောင်းမွန်သည့်ဥပဒေအဖြစ် ၂၀၁၄ ခုနှစ်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေကိုလည်း ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း။

လက်ရှိနိုင်ငံတော်တွင် အထူးစီးပွားရေးဇုန် သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၃ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ အကျိုးစီးပွားကို အဓိကထားရမည်ဖြစ်သော်လည်း ဆက်စပ်ဆောင်ရွက်ကြရာတွင် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် နှစ်ဖက်စလုံး၏အကျိုးစီးပွားဖြစ်ထွန်းမှုများကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်သည် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် ဇုန်တစ်ခုဖြစ်သည့်အပြင် ဒေသတွင်းနိုင်ငံများအကြားတွင် သတင်းကောင်းနှင့် ရပ်တည်နေသည့် ဇုန်တစ်ခုလည်းဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စနစ်တကျဆက်လက်ရင်းနှီးမြှုပ်နှံနိုင်ရန် ကုမ္ပဏီအသစ်များနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာရန် လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းများ ချောမွေ့မြန်ဆန်စွာလည်ပတ်နိုင်စေရန်အတွက် သက်ဆိုင်သည့်ဝန်ကြီးဌာနများအနေဖြင့် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ပေးရန် မှာကြားလိုကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်အနေဖြင့် ၆၆၇ ဒသမ ၂၄၅ ဟက်တာကျယ်ဝန်းပြီး ဇုန် (A)နှင့် ဇုန်(B) ခွဲကာ Free Zone နှင့် Promotion Zone သတ်မှတ်လျက် ပို့ကုန်လုပ်ငန်းနှင့် ပြည်တွင်းသွင်းကုန်အစားထိုးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသည့် ၂၁ နိုင်ငံမှ လက်ရှိလုပ်ငန်းလည်ပတ်သည့်ကုမ္ပဏီ ၁၁၄ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၂၁၉၀ ဒသမ ၇၉၀ ဖြင့် လုပ်ငန်းများလည်ပတ်လျက်ရှိပါကြောင်း။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တစ်နိုင်ငံလုံး၏ တစ်မျိုးသားလုံးထုတ်လုပ်မှုတန်ဖိုး၏ ၃ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ် တစ်နိုင်ငံလုံးပို့ကုန်ပမာဏ၏ တစ်ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပို့ကုန်ပမာဏ၏ သုံးရာခိုင်နှုန်းရှိသည်ကို တင်ပြချက်များအရသိရှိရပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ချက်များကိုကြည့်ပါက ဧပြီလမှ ဇူလိုင်လ လေးလတာကာလအတွင်း ပို့ကုန်ပမာဏအမေရိကန်ဒေါ်လာ ၅၄ ဒသမ ၉၄၅ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၆၅၃ သန်းရှိသည့်အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၅၉၈ သန်းရှိပြီး အခွန်အရပ်ရပ်အတွက် ကောက်ခံရငွေမြန်မာကျပ်ငွေ ၂၂ ဘီလီယံ ရရှိခဲ့ပါကြောင်း၊ လေးလတာကာလဖြစ်သည့်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုနှင့် အခွန်အရပ်ရပ်ကောက်ခံရရှိမှုကို ယခုထက်ပိုမိုတိုးတက်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားစေလိုကြောင်း၊ ထပ်မံပြီး သီလဝါအထူးစီးပွားရေးဇုန်ထဲရှိ Free ဇုန်တွင် ကုမ္ပဏီသုံးခု၊ promotion ဇုန်တွင် ကုမ္ပဏီတစ်ခုတို့ကလည်း အားကစားပစ္စည်းထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်၊ ဝိုင်ယာကြိုးနှင့် ဆားကစ်ပြားထုတ်လုပ်ခြင်း၊ ပလတ်စတစ်စက် အစိတ်အပိုင်းထုတ်လုပ်ခြင်းနှင့် အစားအစာနှင့် အချိုရည်များထုတ်လုပ်ခြင်းလုပ်ငန်းများကို အကြောင်းအမျိုးမျိုးကြောင့် စတင်နိုင်ခြင်းမရှိရာမှ စီမံခန့်ခွဲမှုကော်မတီ၏ စည်းရုံးကြိုးပမ်းမှုကြောင့် လုပ်ငန်းများစတင်နေပြီဖြစ်ကြောင်း သိရှိရသည့်အတွက် အမြန်ဆုံးပြီးစီးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် ပို့ကုန်လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်အောင် ကြီးကြပ်ရေးကော်မတီက လိုအပ်သည်များ ပံ့ပိုးပေးရန် မှာကြားလိုကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ထူးခြားဖြစ်စဉ်ဖြစ်ခဲ့မှုနှင့်ပတ်သက်၍ ဇုန်အတွင်း ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီတစ်ခု၏ အောက်ခြေဝန်ထမ်းများသည် တရားမဝင်ကုန်ပစ္စည်း တင်သွင်းခွင့်ရရှိရေးအတွက် သွင်းကုန်လိုင်စင်ရရှိထားသည့် အခြားကုမ္ပဏီတစ်ခု၏လိုင်စင်များကို အလွဲသုံးပြီး အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိကုန်ပစ္စည်းများ တရားမဝင်တင်သွင်းမှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အတွက် ယင်းဖြစ်စဉ်မျိုးထပ်မံမဖြစ်ပွားစေရေး ယခုထက်လိုအပ်သည့် စိစစ်ကြီးကြပ်မှုများဆောင်ရွက်သွားရန်လိုကြောင်း၊ အထူးစီးပွားရေးဇုန်များတွင်ရှိသည့် ကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှုချေးငွေများကို မိခင်ကုမ္ပဏီများက ကိုယ်စားပေးဆပ်ပြီး ပြည်ပချေးငွေစာရင်းမှ ပယ်ဖျက်မည့်ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စီမံဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း၊ ထပ်မံ၍ နိုင်ငံခြားငွေအဖြစ်ထည့်ဝင်မတည်ရင်းနှီးမည့်၊ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအသစ်များ လက်ရှိကုမ္ပဏီများ၏ ထပ်မံရင်းနှီးမြှုပ်နှံမှုငွေများကို အမေရိကန်ဒေါ်လာအပြင် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာနိုင်ငံဗဟိုဘဏ်ကနေခွင့်ပြုပြီးဖြစ်သည့် မည်သည့်နိုင်ငံခြားငွေကြေးနှင့်ဖြစ်စေ ထည့်ဝင်အသုံးပြုနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ အခြားမိတ်ဖက်နိုင်ငံများ၏ တရားဝင်ငွေကြေးလဲလှယ်မှု၊ သုံးစွဲမှုများနှင့်လည်း မြန်မာနိုင်ငံဗဟိုဘဏ်က ညှိနှိုင်းဆဲဖြစ်သည့်အတွက် သက်ဆိုင်ရာကုမ္ပဏီများကိုလည်း ဆက်သွယ်လာသည့်အချိန်တွင် အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးသည် အရေးကြီးသည့်ဦးတည်ချက်တစ်ခုဖြစ်ကြောင်း။

ထိုရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်း SOP များကို လက်တွေ့ကျကျလုပ်ကိုင်နိုင်ရန်၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဇုန်များတွင် ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရန်အတွက် ဖိတ်ခေါ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကို ကောင်းမွန်စွာဦးဆောင်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သည့်အတွက် လက်ရှိအခြေအနေထက် ပိုမိုတိုးတက်လာစေရန်အတွက်နှင့် ပို့ကုန်တိုးမြှင့်နိုင်စေရန် စီးပွားရေးဇုန်များတွင် ရှိသည့် One Stop Service Center များကို စနစ်တကျဖွဲ့စည်းပြီး ထိရောက်သည့်ဝန်ဆောင်မှုများပေးနိုင်အောင် သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများ ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေစေရေးအတွက် အတတ်နိုင်ဆုံး စီမံဆောင်ရွက်ပေးစေလိုကြောင်း။

လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းများကို

စာမျက်နှာ ၁၉ သို့

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး မစ္စတာနီကိုလေရှုဂီနော့ တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

(၆)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်(REW) သို့တက်ရောက်ရန် ရုရှားနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး မစ္စတာနီကိုလေရှုဂီနော့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။




တွေ့ဆုံပွဲသို့ ဒုတိယစွမ်းအင်ဝန်ကြီး မစ္စတာ ဆာဂျေးမီချောနစ်ကော့နှင့် ရုရှားနိုင်ငံပိုင် စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော INTER RAO Export၊ Zarubezhneft၊ JSC RosGeo အဖွဲ့အစည်းများ၏အကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး မစ္စတာနီကိုလေရှုဂီနော့က မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင် INTER RGO Export ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လိုပါက မိမိတို့ရုရှားနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ရေနံဓာတုဗေဒလုပ်ငန်းများတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ယခင်နှစ်ကကျင်းပခဲ့သည့် စွမ်းအင်ဖိုရမ်တွင်လည်း ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကျင်းပလျက်ရှိသည့် ဖိုရမ်တွင်လည်း စွမ်းအင်နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသွားရန်ရှိကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ နည်းပညာများနှင့် ပတ်သက်၍လည်း ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာလုပ်ငန်းများ၊ Digital Geological Map ရေးဆွဲနိုင်ရေးလုပ်ငန်းများတွင်လည်း မြန်မာနိုင်ငံအတွက် ကူညီပံ့ပိုးပေးရန် အသင့်ရှိကြောင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး တိုးတက် ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် တွေ့ဆုံ ဆွေးနွေးမှုများကိုအခြေခံ၍ လက်တွေ့နယ်ပယ်တွင် အမှန်တကယ် ပူးပေါင်းဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်အနေဖြင့် အကူအညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ယနေ့နိုင်ငံတကာ၌ စွမ်းအင်သည် အဓိကကျသောအခန်းကဏ္ဍတွင်ရောက်ရှိနေပြီး ပြည်သူများ၏လူမှုစီးပွားဘဝပြည့်စုံစေရေးအတွက် စွမ်းအင်ဖူလုံမှုသည် အရေးကြီးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ရေရှည်စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းအင်လိုအပ်ချက်ဖူလုံရေးကို သေချာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် လိုအပ်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီတို့ကို မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်ရန်မျှော်လင့်ကြောင်း၊ စွမ်းအင်ဖူလုံရေးကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း Electric Vehicle များ အသုံးပြုလာစေရန်အတွက် အားပေးအားမြှောက်ပြုပြီး Renewable Energy များဖြစ်သည့် Solar Energy၊ Wind Power Energy များအသုံးပြုရန်အတွက် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သမားရိုးကျနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် အဆွေတော်တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရရန် မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ပြည်ပကနေ တင်သွင်းခြင်းသာမက ပြည်တွင်းမှာရှိသည့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် အရည်အသွေးမီကုန်ကြမ်းပစ္စည်းများကိုချိတ်ဆက်ပြီး တတ်နိုင်သမျှ အသုံးပြုအောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် နိုင်ငံများတွင် ဘက်စုံပို့ဆောင်ရေးစနစ် (Multimodal Transport)ကို တွင်ကျယ်စွာ အသုံးပြုနေခြင်းဖြစ်သည့်အတွက် မိမိနိုင်ငံတွင်လည်း အထူးစီးပွားရေးဇုန်များနှင့် ဆက်စပ်ပြီး ဘက်စုံပို့ဆောင်ရေးစနစ်(Multimodal Transport) အသုံးပြုနိုင်စေရန် အကောင်အထည်ဖော်ရေး ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ထို့ပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက်အထောက်အကူပြုမည့် ကျောက်ဖြူ-မန္တလေး-မူဆယ် ရထားလမ်းစီမံကိန်းကိုလည်း ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း၏ မူဘောင်သဘောတူညီချက်(Framework Agreement) ရေးထိုးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် Shareholders Agreement နှင့် နိုဝင်ဘာလတွင် Concession Agreement ကို နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခင်က နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်များနှင့်ပတ်သက်ပြီး နှစ်ဖက်အဓိပ္ပာယ်ကွဲလွဲယူဆ၍ရနိုင်သည့် အချက်အချို့ရှိရာ ပြန်လည်ညှိနှိုင်းရမည့်အချက်များကို နိုင်ငံတော်အကြီးအကဲက ဆွေးနွေးညှိနှိုင်းရန် မူအားဖြင့်ခွင့်ပြုထားပြီးဖြစ်၍ ဇဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဦးဆောင်ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ညှိနှိုင်းမှုများနှင့် Win Winဖြစ်အောင် နှစ်ဖက်လုပ်ငန်းအဖွဲ့အချင်းချင်းဆွေးနွေးမှုများ အပြုသဘောဆောင်ပြီး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆွေးနွေးမှုများပြုလုပ်ပြီးပါက ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းများ အမြန်ဆုံးစတင်နိုင်ရေးအတွက် နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) ကို ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့ဘက်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကျောက်ဖြူစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် လိုအပ်ချက်ပေါ်မူတည်ပြီး ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြရန်လိုကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းစီမံကိန်းသည်အရေးပါပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ရန် လိုကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ်စီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ အနေဖြင့်လည်း ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းများ အချိန်တိုအတွင်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး လမ်းညွှန်မှုများပြုလုပ်ထားပြီးဖြစ်သည့်အတွက် လိုအပ်သည့်ညှိနှိုင်းဆွေးနွေးမှုများကို အချိန်တိုအတွင်းပြီးပြတ်အောင် ဆက်လက်လုပ်ဆောင်ပြီး စီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်နိုင်စေရေးကြိုးပမ်းဆောင်ရွက်ရန် အသိပေးပြောကြားလိုကြောင်း။

အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း ရင်းနှီးတည်ဆောက်သူအဖြစ် ရွေးချယ်တာဝန်ပေးခဲ့သည့် အီတာလျံ-ထိုင်းကုမ္ပဏီသည် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းအကောင်အထည်ဖော်မှု ရပ်တန့်လျက်ရှိရာ လုပ်ငန်းရပ်စဲထားပြီးဖြစ်၍ လွှဲပြောင်းလက်ခံခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ရင်းနှီးတည်ဆောက်သူအသစ် ထပ်မံဖိတ်ခေါ်နိုင်ရေး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီအဖွဲ့များကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များရရှိအောင် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီများက မိမိတို့လုပ်ဆောင်ရန်ကိစ္စများကို ဗဟိုလုပ်ငန်းအဖွဲ့သို့တင်ပြ ခွင့်ပြုချက်ရယူပြီးမှသာ လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များနှင့်ပတ်သက်၍ လိုအပ်သည့် သုံးသင့်သည်ကိုသာ စိစစ်သုံးစွဲကြရန်လိုကြောင်း။

**အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ တိုးတက်မှုရရှိလာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များ အောင်မြင်တိုးတက်အောင် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခုထက်ပိုမိုပြီး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ (၁/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက လက်ရှိမြန်မာအထူးစီးပွားရေးဇုန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေးသို့ တင်ပြသည့်အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဦးမြင့်နောင်၊ ဦးထွန်းအုံနှင့် ဦးမျိုးသန့်၊ တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် အထူးစီးပွားရေးဇုန်ဥက္ကဋ္ဌများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Myanmar Great Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR QQ ICE-CREAM အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co.,Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များနှင့် Super Seven Stars Motors Industry Co.,Ltd. ကတင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခြေခံစက်ချုပ်နှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး အပ်ချုပ်စက်များပေးအပ်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားထုတ်ကုန်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးလုပ်ငန်း၊အခြေခံစက်ချုပ်နှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး အပ်ချုပ်စက်များပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးရုံးရှိ မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က သမဝါယမကဏ္ဍနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြို့ပြနှင့်ကျေးလက်များကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရန်အတွက် ရည်မှန်းချက်များ၊မူဝါဒများ၊ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည့်အပြင် မိသားစုဝင်ငွေတိုးပွားရေးကိုပါ အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးအတွင်း ကျေးရွာရှစ်ရွာကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းအမျိုးအစားငါးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ယင်းအမျိုးအစားများထဲမှ လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာကို ရွေးချယ်ခဲ့ပါကြောင်း၊ ကျေးရွာရှိ ပြည်သူများ၏တောင်းဆိုမှုအရ အခြေခံစက်ချုပ်နှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းသူ ၁၅ ဦးထဲမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ငါးဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး လိုအပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများပေးအပ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် စီမံကိန်းအား အောင်မြင်အောင် အလေးထားဆောင်ရွက်သွားကြရန်နှင့် စံပြကျေးရွာဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးမှူး ဦးဝင်းဗိုလ်က အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် သတ်မှတ်ချက်နှင့်အညီ ရွေးချယ်ထားသည့် သင်တန်းသူငါးဦးကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး အပ်ချုပ်စက် တစ်လုံးစီကိုလည်းကောင်း၊တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက ထူးချွန်သင်တန်းသူငါးဦးကို ထူးချွန်ဆုများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သင်တန်းသူများကိုယ်စား သင်တန်းသူသုံးဦးထံ သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အပ်ချုပ်စက်များနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုကာ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့တွင် ဥတ္တရသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းအစီအစဉ်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ ဇလောင်းကျေးရွာအုပ်စုနှင့် မောင်းရမ်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ၊မင်းကုန်းကျေးရွာအုပ်စုနှင့်တောင်ညိုကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ စမ်းသပ်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မဲရုံအဖွဲ့ဝင်များက တာဝန်ယူကိုင်တွယ်ဆောင်ရွက်ရသည့် ထိန်းချုပ်စက်ကို မဲဆန္ဒရှင်ပြည်သူများက ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများသို့ နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဇလောင်းကျေးရွာအုပ်စုနှင့် မောင်းရမ်းကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူဦးရေ ၂၅၀၊ မွန်းလွဲပိုင်းတွင် မင်းကုန်းကျေးရွာအုပ်စုနှင့် တောင်ညိုကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူဦးရေ ၂၇၀ တက်ရောက်ခဲ့ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ပြိုင်ပွဲဝင်အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများ၊ ဝန်ထမ်းမိသားစုများနှင့် ခြင်းလုံးဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံး အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်က တက်သစ်စအမျိုးသမီးအားကစားသမားဆုရ နေပြည်တော်မှ မခင်သန္တာအောင်နှင့် တက်သစ်စအမျိုးသားအားကစားသမားဆုရ ပဲခူးတိုင်းဒေသကြီးမှ မောင်ဇော်လင်းနိုင်တို့ကို ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးလေးပေါက်တန်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်းက ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင်က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မခိုင်သဇင်ဖြိုးနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဇော်လင်းမောင်တို့ကို ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားခြောက်ပေါက်တန်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘချွေက ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန်က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလားပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို ကျင်းပခြင်းဖြင့် "ခြင်းလုံးအစ မြန်မာက" ဆိုသည့်အတိုင်း ကမ္ဘာသို့တိုင်အောင် ဖော်ဆောင်နိုင်ရေး၊ မြန်မာ့ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မျိုးဆက်သစ်ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရေးအတွက်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၂ သင်း၊အမျိုးသမီးအသင်း ခြောက်သင်းမှ အားကစားသမားစုစုပေါင်း ၁၈၆ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၈၉)ကြိမ်မြောက် မော်လမြိုင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ



သံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များကို (၁၈၉) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်ရှိ လောကမာရဇိန်ဘုရားမှ စစ်ကဲကုန်းရပ်ကွက် ဝတ်ကြီးဘုရားထိပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များတက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက ဆွမ်းလောင်းလှူပွဲသို့ ကြွရောက်လာကြသည့် သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်စုစုပေါင်း ၈၀၂၅ ပါးတို့ကို ဆွမ်းဆန်တော်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# မဟာမြတ်မုနိဘုရားကြီး၌ ကျိုင်းတုံမြို့အတွင်းရှိ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များကို ဆွမ်းလောင်းလှူပွဲပြုလုပ်



သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားတို့က သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဘုရားကြီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အရှုက်ဆွမ်းများနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆွမ်းလောင်းလှူပွဲသို့ ကြွရောက်လာကြသည့် သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင် စုစုပေါင်းအပါး ၂၀၀ တို့ကို ဆွမ်းတော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ရေကူးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ရေကူးကန်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိစစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရေကူးပြိုင်ပွဲဝင် အားကစားသမားများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အောက်တိုဘာ ၁၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၈၆၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၃ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ယူနီဖောင်းများ ထောက်ပံ့ပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့၊ တွံတေးမြို့နယ်၊ ကျောက်ဖြူမြို့နယ်နှင့် ပြည်မြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်မှ သံဃာတော် ၄၅ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၀ ပါးတို့ကိုလည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် နတ်ရေကန်ဘုန်းတော်ကြီးကျောင်းမှ သံဃာတော် ၁၀၈ ပါးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တမံကြီးကျေးရွာရှိ တမံကြီးကျောင်းတိုက်မှ သံဃာတော် ခြောက်ပါးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၂ ဦးတို့ကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာအုပ်စု အေးမြသာယာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူဦးရေ ၃၁၀ တို့ကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပဲခူးတိုင်းဒေသကြီး ပြည်မြို့နဝင်းရပ်ကွက်ရှိ သီတဂူဗုဒ္ဓကောလိပ်(ပြည်) ဘုန်းတော်ကြီးကျောင်းမှ သံဃာတော် ၆၈ ပါး တို့ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အစိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေစမ်းသပ်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၍ ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# လှည်းကူးမြို့နယ်နှင့် ပဲခူးမြို့အတွင်းရှိ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ကြာအင်းကျေးရွာရှိ ဆီဆုံကုန်းသာသနာ့ရိပ်သာကျောင်းတိုက်၌ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ကျောင်းတိုက်အတွင်းအပြင် ရေဝင်ခဲ့သည့်နေရာများ၌ တင်ကျန်ခဲ့သည့် နုန်းများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စေတီ/ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာဝန်ထမ်းများက စေတီ/ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် တင်ကျန်ခဲ့သည့် နုန်းများနှင့်အမှိုက်များကို ဖယ်ရှားပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ပေးခြင်း စသည့်လုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသည်။

ထို့ပြင် ပဲခူးမြို့အတွင်း ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများကို ဆန်၊ ဆီ၊ ရေသန့်ကတ်များနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ချမ်းမြေ့သာယာရပ် မြို့မအုပ်စုနေသူများဖြစ်ကြသော “Snow Queen” Facebook အကောင့်၊ “Thae Thae” Facebook အကောင့်တို့ပိုင်ရှင်ဖြစ်သူ အေးမာလာသန်း(ခ)ဆိုမာယာနှင့် “အာကာဟိန်း” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ အာကာဟိန်းတို့ နှစ်ဦးကို မွန်းတည့် ၁၂ နာရီတွင် မိုးကုတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တစ်ကမ္ဘာလုံး၌ ရာသီဥတုလွန်ကဲမှုကြောင့် လာမည့်ငါးနှစ်တာကာလအတွင်း စီးပွားရေးကဏ္ဍတွင် ကန်ဒေါ်လာ ငါးထရီလီယံခန့် ဆုံးရှုံးနစ်နာဖွယ်ရှိနေ



**လန်ဒန် အောက်တိုဘာ ၁၂**

တစ်ကမ္ဘာလုံးတွင် ရာသီဥတုလွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး ရာသီဥတုလွန်ကဲမှုကြောင့် လာမည့် ငါးနှစ်တာကာလအတွင်း စီးပွားရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ငါးထရီလီယံခန့် ဆုံးရှုံးနစ်နာဖွယ်ရှိနေသည်ဟု အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အခြေစိုက်သည့် အာမခံကုမ္ပဏီ တစ်ခုဖြစ်သော Lloyd ကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရာသီဥတု လွန်ကဲမှုကြောင့် အချို့သောနိုင်ငံများတွင် အပူချိန်မြင့်တက်ကာ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး အချို့သောနိုင်ငံများတွင် ရေကြီးရေလျှံမှုပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း၊ ရာသီဥတုလွန်ကဲမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရကာ ကုန်သွယ်ရေးလုပ်ငန်းများလည်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရာသီဥတု လွန်ကဲမှုကြောင့် လာမည့် ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ငါးထရီလီယံထိ ဆုံးရှုံးဖွယ်ရှိနေသည်ဟု Lloyd က ခန့်မှန်းသုံးသပ်ခဲ့ကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရာသီဥတုလွန်ကဲမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရာသီဥတုလွန်ကဲမှုကြောင့် အချို့နိုင်ငံတွေမှာ မိုးခေါင်တာတွေဖြစ်ပေါ်နေသလို အချို့နိုင်ငံတွေမှာတော့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရာသီဥတုလွန်ကဲမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ ထိခိုက်နစ်နာခဲ့ရသလို ကုန်သွယ်မှုတချို့လဲ နှောင့်နှေးကြန့်ကြာခဲ့ရတယ်။ လာမဲ့ငါးနှစ်တာကာလအတွင်း စီးပွားရေးကဏ္ဍက အမေရိကန်ဒေါ်လာ ငါးထရီလီယံထိ ဆုံးရှုံးနစ်နာဖွယ်ရှိနေပါတယ်။ သဘာဝဘေးအန္တရာယ် အာမခံလုပ်ငန်းတွေလဲ အရှုံးပေါ်နေပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုနှုန်းက အရမ်းကိုမြင့်မားနေတဲ့အတွက် လစဉ်နဲ့အမျှ အာမခံကုမ္ပဏီတွေက လျော်ကြေးပေးနေရလို့ အရှုံးပေါ်တဲ့ပမာဏက မြင့်မားနေတာဖြစ်ပါတယ်"ဟု Lloyd ကုမ္ပဏီ၏ အမှုဆောင်ချုပ် ထရီဇာက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : Sai Sat

# မက္ကဆီကိုနိုင်ငံတွင် လီဒီယာမုန်တိုင်းဝင်ရောက်တိုက်ခတ် လူနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၂**

မက္ကဆီကိုနိုင်ငံတွင် လီဒီယာဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းသည် ပွာတိုဗာလာတာဒေသတွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် သစ်ပင်ကြီးတချို့လဲကျမှုဖြစ်ပေါ်ကာ လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၁၄၀ နှုန်းထိမြင့်တက်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုမြင့်မားခဲ့ကြောင်း၊ သေဆုံးသူများမှာလည်း သစ်ပင်ကြီးများလဲကျမှုကြောင့် ပိမိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လီဒီယာ မုန်တိုင်းကြောင့် သစ်ပင်ကြီးတွေလဲကျခဲ့ပြီး လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။




သစ်ပင်ကြီးတွေ လဲကျမှုကြောင့် လူနှစ်ယောက်သေဆုံးခဲ့ပြီး နှစ်ယောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေလဲဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတွေပိတ်ဆို့မှုကို ကယ်ဆယ်ရေးဝန်ထမ်းတွေက ရှင်းလင်းရေးလုပ်ငန်းတွေဆောင်ရွက်နေပြီး တာဝန်ရှိသူတွေကလဲ လျှပ်စစ်မီးအမြန်ဆုံးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးဝန်ထမ်းများက မုန်တိုင်းကြောင့် လဲကျခဲ့သော သစ်ပင်ကြီးများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံတချို့ကိုလည်း ကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Xinhua

Trs : Sai Sat

# ကနေဒါနိုင်ငံရှိ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သောဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒို သွားရောက်စစ်ဆေး

**အော့တဝါ အောက်တိုဘာ ၁၂**

ကနေဒါနိုင်ငံရှိ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သောဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက အောက်တိုဘာ ၁၁ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက တောမီးဒဏ်သင့်ပြည်သူများဖြင့်တွေ့ဆုံခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း၊ ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုသည် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့သောဒေသများမှ အာဏာပိုင်အဖွဲ့အစည်းဖြင့်လည်း တွေ့ဆုံခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

"ဒီနှစ်အတွင်း တောမီးလောင်ကျွမ်းမှုတွေ နေရာအနှံ့ဖြစ်ပေါ်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကလဲ ကာလရှည် ဖြစ်ပေါ်ခဲ့တဲ့အတွက် ဒေသခံတွေအနေနဲ့ တော်တော်လေးအခက်ကြုံခဲ့ရတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ပြည်သူတချို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အမြန်ဆုံးဆောင်ရွက်ပေးသွားပါမယ်"ဟု ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှု အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရသည့်ဒေသမှာ အန်တာပရိုက်စ်ဒေသဖြစ်ပြီး နေအိမ်နှင့် အခြေခံအဆောက်အအုံ ၈၀ ရာခိုင်နှုန်းထိ ပျက်စီးခဲ့ကြောင်း၊ ဒေသခံလူဦးရေ ၂၀၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : Sai Sat

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



0w Kv M @

# မိုးစဲလေ

စံပယ်ဦး(နောင်ချို)



(၁)

လမ်းကြားလေးအတွင်းသို့ ချိုးကွေ့ဝင်လိုက်သည်နှင့် သူ့ရင်သည် တလှပ်လှပ်တုန်လာ၏။ သွေးတို့သည် တဒိတ်ဒိတ် ခုန်နေသည်။ သူ့မျက်ဝန်းများက ဂနာမငြိမ်။ ခြေလှမ်းများ၏ စည်းချက်သည် မညီမညာ။ နှေးကွေးစွာ၊ တုံ့ဆိုင်းစွာ၊ တစ်ချက်တစ်ချက်တွင် လျင်မြန်စွာ။ ဝါးတစ်ရိုက်အကွာအဝေးမှ မြင်နေရသည့် ဝင်းတံခါးကိုကြည့်၍ နင့်ခနဲ ခံစားချက်က ရင်ထဲလှိုက်တက်လာပြန်သည်။ ဝမ်းနည်းခြင်းကို အခြေခံသောအတွေးပေါင်းစုံက မေးခွန်းများစွာနှင့်အတူ။

(၂)

သူ့ခြေအစုံသည် အိမ်ခြံတံခါးဝ၌ ကျောက်ချထားသည့်နှယ် ရပ်နေမိ၏။ သံပန်းတံခါးမှ မြင်နေရသည့် ခြံအတွင်းဘက်ကို စူးစိုက်ကြည့်နေမိသည်။ ကြိုဆိုသူမရှိ။ လူပ်ရှားမှုကင်းမဲ့နေသော ခြံတွင်းမြင်ကွင်းသည် အဝေးမှ မျှော်လင့်ချက်များစွာ၊ အတွေးများစွာနှင့် စွန့်စားလာခဲ့ရသည့် သူ့အတွက် အားလျော့ချင်စရာ။ သို့သော် သူ အားမလျော့သေး။ သံပန်းတံခါး၏ သံတိုင်နှစ်ချောင်းကို ကျစ်ကျစ်ဆုပ်ကိုင်လျက် မြင်နေရသည့်မြင်ကွင်းကို အားမရ၍ ခြေဖျားထောက်ကာ ခေါင်းကိုချာချာလည်မတတ် အိမ်ခြံဝင်းထဲ ကဲကြည့်မိပြန်သည်။ အမှန်မှာ ခြေဖျားထောက်ခြင်း၊ မထောက်ခြင်းသည် ဘာမျှမထူးခြား။ မြင်ကွင်းသည်လည်း ပိုပေါ်မလာပါ။ အားမလို အားမရ ဖြစ်မိခြင်းသာဖြစ်၏။ အသံပြုရမည်လား၊ အမှန်တကယ် ဤအိမ်တွင် မရှိတော့သည်လားဟု တွေးမိသည့်အခါ သူ့ရင်ထဲတွင် ဟာတာတာ။ ဤအတွေးသည် ယခုမှတွေးမိသည် မဟုတ်။ သူလာစဉ် လမ်းတစ်လျှောက်လုံး တွေးလာသည့် ဒွိဟအတွေးပင်။ အဆုံးစွန်ထိ တွေးတောထားသော်လည်း လက်တွေ့မှာမူ ကြေကွဲရ၏။ မမြင်ရ၍ ပိုမြင်ချင်မိသည်။ ဖြစ်နိုင်လျှင် အိမ်ခြံဝင်းထဲသို့ သူကျော်ခွသွားလိုက်ချင်သည်။ ဖွေးဖွေးတို့ရှိတတ်သည့်နေရာသို့ သွားကြည့်လိုက်ချင်မိသည်။ သို့သော် မဖြစ်နိုင်။ မည်သို့မျှ မဖြစ်နိုင်ပါ။

မွဲမှုန်နေသော မျက်လုံးများကိုအားပြု၍ အိမ်တံခါးမကြီးကို ကြည့်လိုက်မိသည်။ ဝင်းဝါနေသော ကြေးသော့ကြီးသည် အိမ်တံခါးမကြီး၌ ဝင့်ဝင့်ထည်ထည်။ သေချာပါသည်။ အိမ်အတွင်း၌ လူရှိမည်မဟုတ်။

(၃)

ဆွဲကိုင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ ဖော့ဘူးနှစ်ဘူးကိုကြည့်၍ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ သူတို့အကြိုက် ကြက်ကြော်ရန့်က သင်းခနဲ။ သူ့ဗိုက်ထဲမှ ဝှီဟုမြည်လေသည်လား၊ တကြွတ်ကြွတ် ဆာလောင်သည်လားတော့မသိ။ မောဟိုက်လာသလိုလို။ ခြံတံခါးကို မှီထိုင်ချလိုက်မိသည်။ ဖော့ဘူးတစ်ခုကို ဖွင့်လိုက်၏။ ကြွပ်ရွမွှေးပျံ့နေသည့် ကြက်ပေါင် သုံးချောင်းက သူ့ကိုယူစားပါဟု ဆွဲဆောင်နေသလို။ တုန်ယင်နေသည့်လက်ဖြင့် ကြက်ပေါင်တစ်ခုကို ယူလိုက်မိသည်။

"မနက်ဖြန် အဖေ့ မွေးနေ့မဟုတ်လား။ အဖေ ဝယ်စားချင်တာ ဝယ်စားနော်။ သုံးချင်တာ သုံး။ သားတို့မအားလို့"

မနေ့ ညနေက သားငယ်တို့ဇနီးမောင်နှံ ရောက်လာပြီး သူ့ကို ငွေ ငါးထောင်တန် နှစ်ရွက် ပေးခဲ့သည်လေ။ ဤကြက်ကြော်သည် သားငယ်၏ကုသိုလ်။ သားငယ်လေးတို့မိသားစု ကျန်းမာချမ်းသာလို့၊ ဘုန်းကြီးလို့သက်ရှည်ကြပါစေ။ ကြက်ပေါင်ကြော်ကို ကိုင်ထားမိလျက်က ဆုတောင်းပေးလိုက်မိ၏။ နောက်ထပ် သက်ပြင်းတစ်ချက်ချလိုက်ရင်း ကြက်ကြော်ကို ပြန်ချလိုက်မိသည်။ ဝမ်းနှင့်ခန္ဓာကိုယ်သည် ဤကြက်ကြော်ကို လိုအပ်နေသော်လည်း သူ မစားချင်။ ယခုအချိန်တွင် သူကျွေးရန်ရည်ရွယ်ထားသည့်သူများ ရောက်လာလျှင် သူ ဝမ်းသာမိပေလိမ့်မည်။ ပြန်ရတော့မည်လားဟု တွေးလိုက်မိသည်။ အတွေးနှင့်အတူ သူ့လက်တစ်ဖက်သည် အကျီအိတ်ကပ်ကို စမ်းမိလျက်သား။

"အဖေ့ မွေးနေ့လှူချင်တာ လှူဖို့။ သားတို့အဆင်မပြေလို့ အရင်နှစ်ကလို ကိတ်မုန့်မလုပ်ပေးနိုင်လို့နော် အဖေ"

သားကြီးတစ်ယောက်တည်း ရောက်လာပြီး သူ့ကို ကန်တော့ခဲ့သည့် ငွေ ငါးထောင်။ ထိုငွေသည် ဤနေရာသို့ရောက်မည့် အကြံသုံးဘီးကို စီးလာခဲ့၍ ကုန်လေပြီ။

"အဖေ ဒီနေ့ဘုရားသွားပြီး ပုတီးလေးဘာလေးစိပ်၊ ကုသိုလ်ယူလေ"

အတူနေ သမီးလတ်က သူ့ကို ဘုရားတွင် ကုသိုလ်ယူစေချင်ပုံရသည်။ နံနက်က ငွေ ငါးထောင် ကန်တော့သည်။ တစ်ညလုံး အတွေးဇလုံစီနှင့် မတင်မကျဖြစ်နေသောစိတ်သည် ထိုငွေ ငါးထောင် လက်ထဲရောက်လာသည့်အခါ ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။ ထိုဆုံးဖြတ်ချက်အတိုင်း ဤနေရာသို့ သူရောက်လာခဲ့ပြီ။ သို့သော် သို့သော် သူ့မျှော်လင့်ချက်ကဖြင့် မပြည့်ဝနိုင်တော့ချေ။ အိတ်ကပ်ထဲမှ ငွေ ငါးထောင်ကို ဆုပ်ကိုင်မိလျက် သားကြီးနှင့် သမီးလတ်ကို မေတ္တာပို့ ဆုတောင်းမိပြန်သည်။

"အဖေ့သားကြီးနဲ့ သမီး၊ သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေကွယ်။ ဘုန်းကြီးလို့ သက်ရှည်ကြပါစေ"

(၄)

"ဟင်"

အတွေးများနေဆဲ သူ့နားထဲတွင် ကြားလိုက်ရသည့် အသံကြောင့် သူမတ်တတ်ပြန်ရပ်လိုက်ပြီး ခြံတွင်းသို့ ကြည့်လိုက်မိသည်။ သူ့ကို ကြည့်နေကြသည့် မျက်ဝန်းနှစ်စုံ။

"ထွက်ခဲ့လေ"

ဖွေးဖွေးတို့ ကျော်ခွတက်နေကျ အုတ်တံတိုင်းနေရာကို လက်ညှိုးထိုးညွှန်ပြ၍ သူ ပြောလိုက်မိသည်။ အချိန်မဆိုင်းဘဲ အပြေးထွက်လာကြလေသည်။ သူထိုင်ချလိုက်ပြီး ကြက်ကြော်ဘူး နှစ်ဘူးစလုံးကို ဖွင့်လိုက်၏။ ယခင်ကဆိုလျှင် ဤအနံ့ရသည်နှင့် ပျာယာခတ်နေကျ။ ယခုတော့ စိတ်ဝင်စားပုံမပေါ်။ သူ စိတ်ထဲ၌ဘဝင်မကျ။ အဝေးကြီးမှ လာခဲ့ရသည့် သူ့ကို ဖွေးဖွေးတို့ပုံစံက သိပ်မဖော်ရွေလှ။ စားစေချင်၍ ဝယ်ခဲ့ရသည့် ကြက်ကြော်ဘူးများမှာ မျက်နှာငယ်လျက်။

"စားကြပါကွာ"

သူ စိတ်မကောင်းသလို ပြောလိုက်သည့်အခါ ဖွေးဖွေးက သူ့ရင်ခွင်ထဲသို့ ခေါင်းနှင့်တိုးကာ ပွတ်သပ်နေသည်။ နင့်ခနဲ ခံစားချက်နှင့်အတူ ဖွေးဖွေးကို ပြန်ပွတ်သပ်မိရင်း ပေါက်ခနဲ မျက်ရည်စတို့သည် ထိန်းထားသည့်ကြားမှ အလုအယက်လျှံထွက်ကျလာ၏။

"အဆင်ပြေတယ် မဟုတ်လား"

သူတို့အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ သူမည်သို့မျှ တတ်နိုင်မည်မဟုတ်သော်လည်း မေးလိုက်မိပြန်သည်။ ညိုချောက သူ့ကို တစ်ချက်မော့ကြည့်ပြီး သူ့ပခုံးစွန်းကို တိုးဝှေ့ပြန်၏။ ဝပြိုးနေသော ညိုချောနှင့် ဖွေးဖွေးတို့ကိုကြည့်၍ အဆင်ပြေနေမှာပါလို့ တွေးမိသည်။ ဤအိမ်ဝင်းထဲ၌ သူတို့ရှိနေခြင်းသည်ပင် အိမ်ရှင်နှင့် အဆင်ပြေနေ၍ဖြစ်လိမ့်မည်။ လေတိုက်လာပြီး ညို့မှိုင်းအုံ့ဆိုင်းလာသော ကောင်းကင်ပြင်ကို ကြည့်လိုက်မိသည်။ သူပြန်သင့်ပြီထင်သည်။ သူ ထရပ်လိုက်မိသည်။ သူ့ကို မော့ကြည့်နေကြသည့် သူတို့ရှေ့သို့ ကြက်ကြော်ဘူးများ ချပေးလိုက်မိပြန်သည်။ သည်တစ်ခါတော့ မြိန်ရှက်စွာ စားကြလေသည်။ ပီတိအပြုံးဖြင့် သူစောင့်ကြည့်နေမိသည်။ သူ့ဝမ်းတွင်း၌လည်း တဂွီဂွီအချက်ပေးသံများက ဆူညံလျက်။ လေပြင်းများနှင့်အတူ မိုးသည်လည်း ဝေါခနဲ။

"ဝင်ကြတော့။ အဘိုးလဲ ပြန်တော့မယ်နော်"

သူတို့စား၍ ကုန်သွားသော ဖော့ဘူးခွံများကို သိမ်းဆည်းရန် ကြိုးပမ်းလိုက်သော်လည်း လေကသယ်ဆောင်သွားလေပြီ။ သူပြောလိုက်သည်နှင့် သူ့ကိုပင် စောင့်မကြည့်တော့ဘဲ ခြံထဲသို့ အပြေးပြန်ဝင်သွားကြလေသည်။ မိုးရေများနှင့် ရောနှောပါလာသည့် ပူနွေးနွေးအရည်များက သူ့အမြင်အာရုံကို ဝေဝါးစေလေပြီ။ လာရာလမ်းဆီသို့ ခြေလှမ်းခပ်သွက်သွက်လှမ်းလိုက်မိသည်။ လက်တစ်ဖက်က ရှပ်အကျီအိတ်ကပ်လေးကို တင်းတင်းဆုပ်ကိုင်ထားမိသည်။ လျှောက်လှမ်းနေရာမှ တစ်ချက်လှည့်ကြည့်မိပြန်သည်။ မိုးထဲ၊ လေထဲ၌ မတင်မေ စိုက်ပျိုးခဲ့သော ထောပတ်ပင်ကြီးသည် ယိမ်းထိုးလှုပ်ခါနေလေသည်။

"အိုကြီး အိုမထိ ရှင်နဲ့ကျွန်မ နေရမဲ့ အိမ်နော် ကိုဘခင်။ ရှင့်သားသမီးတွေ အမွေခွဲချင်လို့ ရောင်းမယ်ဆိုလဲ တောင့်ခံသာငြင်း။ သားသမီးတွေရဲ့မျက်နှာကြည့်ပြီး ထမင်းလုပ်မျိုရတဲ့ဘဝ ကျုပ်မရောက်ချင်ဘူး။ ကျုပ်မရှိလဲ ရှင် အမွေခွဲရောင်းပေးစရာမလိုဘူး။ နောက်ဆုံး စားစရာမရှိရင် ရှင့်ဘာသာ ရောင်းစား။ အမွေပေးစရာမလိုဘူး။ ကျုပ်တို့ပညာတွေ သင်ပေးပြီး ပေးသင့်ပေးထိုက်တာတွေ အကုန်ပေးပြီးသား"

ကွယ်လွန်သွားသည့် မတင်မေ၏အသံပြန်ကြားယောင်မိသည်။ ပါးပြင်ပေါ်သို့ ကျလာသော ပူလောင်သောရေများကို လက်နှစ်ဖက်ဖြင့် သပ်ချလိုက်မိသည်။

"မတင်မေရေ။ နင်ရှိရင်လဲ ငါ့လိုပဲ သားသမီးတွေလိုအပ်ချက်ဖြည့်ဆည်းပေးမှာပါ။ ငါတို့က မိဘမဟုတ်လား"

သူ ခပ်တိုးတိုး ရေရွတ်ပြောလိုက်မိသည်။ ထို့နောက် ချာခနဲလှည့်ကာ လမ်းထိပ်သို့ အမြန်လှမ်းမိသည်။ မိုးသည် အငြိုးနှင့် ရွာသည်လား၊ အတိုးနှင့် ရွာလေသည်လားမသိ။ လူတစ်ကိုယ်လုံး ယိမ်းယိုင်သွားမတတ် လေနှင့်မိုးသည် ပြင်းထန်လွန်းလှလေသည်။

(၅)

လမ်းတစ်လျှောက် တွေ့သည့် ကားများကိုတားသည်။ မမြင်သည်လားမသိ။ မရပ်ကြ။ အိမ်အပြန်နောက်ကျလျှင် သမီးက ငြိုငြင်လေမည်လား၊ ဘုရားသို့မသွားဘဲနှင့် သူ သည်လာသည်ကို သိလျှင် တရားမရှာ အပူရှာသည်ဟု စွပ်စွဲလေမည်လား။

"သမီးက အဖေ့ကို ပြုစုစောင့်ရှောက်ပြီး အတူနေရမှာ။ အစ်ကိုနဲ့ မောင်လေးက တတ်နိုင်သလောက် ထောက်ပံ့ကျွေးမွေးမယ်ဆိုပေမဲ့ သမီးပဲ အကုန်အကျများမှာမို့ အမွေပိုယူထားတာ။ ဒါပေမဲ့ သမီးနေတာ တိုက်ခန်းဆိုတော့ အဖေ့ခွေးနှစ်ကောင် မခေါ်နိုင်ဘူးနော်။ မကျွေးနိုင်ဘူး။ ထားခဲ့လိုက်။ နောက်အိမ်ရှင်က ချစ်တတ်ရင် ကျွေးမွေးထားလိမ့်မယ်"

သမီးပြောသည့် စကားများကို ပြန်ကြားယောင်မိသည်။ အိမ်ရောင်းခဲ့သည်မှာ သုံးလကြာခဲ့သည့်တိုင် ယခုမှ လာကြည့်မိသည့် သူ့ကိုယ်သူ အပြစ်မကင်းသည့်နှယ် ခံစားနေမိသည်။ သို့သော် သူ မည်သို့ တတ်နိုင်မည်နည်း။ တစ်ခုဖြေသာသည်မှာ သမီးပြောသလိုပင် နောက်အိမ်ပိုင်ရှင်သည် ဖွေးဖွေးတို့သားအမိကို စောင့်ရှောက်ထားပုံပင်။ အိမ်ကြီး၏ နောက်ကျကျ အိမ်ဘေးနားတွင် လေလုံမိုးလုံ ခွေးအိမ်လေးမှာ ယခုထိပင် ရှိနေသေးသည်။

"ကျွေးမွေးစောင့်ရှောက်ထားတဲ့ သူလဲ လုပ်သမျှ အဆင်ပြေပြီး ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပါစေကွယ်။ ဘေးရန် ခပ်သိမ်း ကင်းငြိမ်းပါစေ"

ကားတစ်စီးကိုမြင်၍ လှမ်းတားလိုက်မိပြန်သည်။ ထိုကားသည် ရပ်ပေးမည်လား။ သူ သွားမည့်နေရာသို့ ရောက်လေမည်လား။ သူသည်လည်း မိုးလုံလေလုံနေရာသို့ပြန်ရမည်လား။ ထိုနေရာသည် သူ၏ကျန်ရှိသောဘဝကို နွေးထွေးစေမည်လား။ အေးချမ်းစေမည်လား။

မိုးပေါက်တို့သည် တဖြည်းဖြည်းစဲလာသည်။ လေသည် ငြိမ်သက်သွားလေပြီ။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၆၂၇၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၆၂၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၆၁၈၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၉၂၄၄ ဧက၊ နေကြာ ၁၂၂၂၀ ဧကနှင့် နှမ်း ၂၄၈၁၁ ဧက စုစုပေါင်း ၄၆၂၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ကာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ ဆီထွက်သီးနှံဧက ၄၆၁၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ၄၆၂၇၆ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆီထွက်သီးနှံစုံ ဧကလျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီ ဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့ အတွက် ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ၉၃၂၈ ဧက၊ နှမ်း ၂၄၆၃၂ ဧက၊ နေကြာ ၁၂၂၂၁ ဧက စုစုပေါင်း ၄၆၁၈၁ ဧကတို့ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံစုံ စိုက်ပျိုးနိုင်မှုအနေဖြင့် မြေပဲ ၉၂၃၈ ဧက၊ နှမ်း ၂၄၈၀၉ ဧက၊ နေကြာ ၁၂၂၂၁ ဧက စုစုပေါင်း ၄၆၂၆၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် Digital Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၃၅ သန်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရွှေရန်ပြေကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# တို့အညာ

- လယ်စပါးတွေ အပြုံးမြနဲ့
ရုန်းကြွလို့ အားမာန်နှင့်၊
အနောက်တောင် တန်ခိုးနိမိတ်နဲ့
မိုးရိပ်ကိုဆင်၊
မိုးလေက တိုးလို့ဝင်
ပျိုးပင်တွေ ယိမ်းထိုးက၊
အခက်လက်တွေ ယှက်ကာသိုင်း
လှိုင်းတအိအိ ထ။

- တောင်သူတွေ ရှင်အားရလို့
ဘဝင်ကြွားကြွတဲ့ သည်ချိန်ခါ၊
ပုတ်ရိုင်တွေ ခွေကာဝိုင်း
ခါးကိုင်းအောင်သာ၊
လယ်စပါး အားထားရာ
များပြားစွာ မျှော်လင့်ထား၊
နှမ်းဆီတွေ ဖြိုးမွေ့သမျှ
အိုးပြည့်ပါတကား။

- ဝါပင်တွေ ထွားမှထွား
ကြွားမှကြွား ယာမြေတစ်ခွင်၊
ပဲစင်းငုံ အိတ်လျှံကျအောင်
သန်လှရဲ့ မြင်၊
ပဲကြီးက ကိုင်းတစ်ပြင်
လှိုင်းအသွင် တလိမ့်လိမ့်တက်၊
ရွှေအညာ တောင်သူမျိုးတို့
ဖြိုးလိမ့်မယ်တွက်။

- နွားနီညို အားနဲ့ဖက်
ကြွားဖွယ့်ရက် မျှော်လို့သာ၊
လုပ်ခွင်မှာ တောင်သူများ
နားမနေပါ၊
လုပ်ရင်းနဲ့ပျော်ရွှင်စွာ
ခေါ်ငင်ကာ တေးစုံဟစ်၊
မောင်အတူမေ စကားဟန်လှရယ်နဲ့
တောင်သူတွေ အကြွားသန်ရအောင်
အိုကွယ်. . .
အားမာန်က သစ်။ ။

**လွမ်းလေးကို(သရက်)**

# ရေနံချောင်းမြို့နယ် ပေတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်မစွတ်ကျေးရွာအုပ်စု ပေတောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နိုင်ရေးမြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပေတောကျေးရွာ၌ အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် မြေပြင်အခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်းတိုင်းတာခြင်း၊ ကျေးလက်နေပြည်သူများအား အမှန်တကယ် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခြင်းဆောင်ရွက်ပြီး ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ဆောင်ရွက်မည့် အစီအမံများ ဆွေးနွေးမှာကြားသည်။

ပေတောကျေးရွာ၌ အဆိုပါ ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာရှိအိမ်ခြေ ၂၆၀ အိမ်၊ လူဦးရေ ၁၄၀၀ ၏ လယ်ယာများမှ ထုတ်ကုန်ထွက်ကုန်များ ဈေးကွက်သို့ ရာသီမရွေး အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။

**နေဘုန်းလှုိင်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ခရီးသွားဆောင်းပါး

# တည်ဆောက်ခြယ်စီ အင်ကြင်းကျောက်စေတီ

သက်နိုင်(ပြင်ဦးလွင်)

ပုဂံမြို့က ဘုရားစေတီတွေကို ဖူးမြော်ပြီးတာနဲ့ မနက်စောစောကတည်းက မြင်းခြံမြို့ရှိရာကို ထွက်ခွာလာခဲ့ကြတာ စွန်းလွန်းကျောင်းတိုက်ကို ရောက်ရှိနေကြပါပြီ။ ကျောင်းတိုက်အတွင်းမှာ စံကျောင်းတော်တစ်ခုနဲ့ သိုးသန့်ထားရှိတဲ့ စွန်းလွန်းဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို ဖူးမြော်ကန်တော့ကြရတယ်။ ရုပ်ကလာပ်တော်က နှစ်ပေါင်း ၇၁ နှစ်ရှိနေပြီဆိုတာကိုလဲ သိလိုက်ရတယ်။ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို စမ်းသပ်ကိုင်တွယ်ကြည့်ခွင့်ရလို့ ကိုင်တွယ်ကြည့်ကြတဲ့အခါ အသားအရေတွေက ရော်ဘာတုံးတစ်ခုလိုဖြစ်နေတာကို သတိထားမိတယ်။ ဆရာတော်ကြီးတွေရဲ့ ကျန်ရစ်တဲ့ရုပ်ကလာပ်တော်တွေအဖြစ် ပင်းတယမြို့အနီးမှာရှိတဲ့ ကုံလုံဆရာတော်၊ အင်းတော်မြို့နယ် မဲဇာရွာမှာရှိတဲ့ မန်လည်ဆရာတော်၊ ငပုတောမြို့နယ် ငါးပြေမရွာမှာရှိတဲ့ သက်တော်ရှည်ဆရာတော်၊ အုတ်တွင်းမြို့နယ် အင်တိုင်းရွာမှာရှိတဲ့ ရွာဦးကျောင်းဆရာတော် စတဲ့ရုပ်ကလာပ်တော်တွေကို ဖူးမြော်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျန်တဲ့ရုပ်ကလာပ်တော်တွေကို ကိုင်တွယ်ကြည့်ရှုခွင့်မရခဲ့တာကြောင့် ဘယ်လိုအနေအထားရှိနေကြတယ်ဆိုတာကို မသိခဲ့ရပါဘူး။ အခု စွန်းလွန်းဆရာတော်ကြီးကတော့ မာလဲမမာ၊ ပျော့လဲမပျော့ ရော်ဘာတုံးတစ်တုံးကို ကိုင်နေရသလို ခံစားနေရတာပါ။ အသားအရေအရောင်ကတော့ မည်းနက်နေပါပြီ။

ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို ဖူးမြော်ပြီးတာနဲ့ ကျောင်းဝင်းအတွင်းမှာ လှည့်လည်လေ့လာကြရတယ်။ ကျောင်းဝင်းက ရှေးကျောင်းကြီးဖြစ်လို့ အတော်အတန်ကျယ်ဝန်းပါတယ်။ ဒါပေမဲ့ မြေမျက်နှာပြင်တွေက ညီညာမနေဘဲ အတက်အဆင်း၊ အနိမ့်၊ အမြင့်တွေဖြစ်နေကြတယ်။ အချို့ကျောင်းဆောင်တွေအနီးမှာ မြေထိန်းနံရံတွေ၊ အုတ်လှေကားထစ်တွေ လုပ်ပေးထားရတယ်။ ပြုလုပ်ထားရတဲ့ မြေထိန်းနံရံတွေမှာ လှပတဲ့ရှုမျှော်ခင်းပန်းချီပုံတွေရေးဆွဲထားတာကိုလဲ တွေ့မြင်နေရတယ်။ ကျောင်းဝင်းအတွင်းမှာ သစ်ပင်ကြီး၊ သစ်ပင်ငယ်တွေနဲ့ အုတ်အုတ်ဆိုင်းဆိုင်းဖြစ်နေသလို ထူးထူးခြားခြားအဖြစ် တိုင်ကြီးတစ်တိုင်ရဲ့ထိပ်မှာ ကြက်တူရွေးရုပ်တုကြီးရှိနေတာပါ။ ဒီကြက်တူရွေးရုပ်တုကြီးက စွန်းလွန်းဆရာတော်ကြီးရဲ့ ကျေးသားကြက်တူရွေးဘဝကို ဖော်ညွှန်းထားတာဖြစ်ကြောင်း သိလိုက်ရတယ်။

စွန်းလွန်းကျောင်းတိုက်မှာလေ့လာပြီးကြတာနဲ့ မြင်းခြံမြို့တွင်းကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ အချိန်က မနက် ၉ နာရီလောက်သာရှိနေပါသေးတယ်။ အချိန်ကလဲ စောနေသေး၊ မြင်းခြံမြို့ထွက်ကုန်တချို့ကိုလဲ အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူချင်သေး။ ရောက်တုန်းရောက်ခိုက် မြင်းခြံဈေးအတွင်းကိုလဲ ဝင်ရောက်လေ့လာကြည့်ရှုချင်သေးတာကြောင့် ဈေးရှိရာကို မောင်းနှင်လာခဲ့လိုက်တယ်။ ဈေးကိုရောက်ရှိလာကြပြီး အတွင်းထဲကို သွားရောက်လေ့လာကြည့်ရှုကြတဲ့အခါ ရောင်းသူ၊ဝယ်သူတွေနဲ့ တိုးမပေါက်အောင် စည်ကားနေတာကို တွေ့မြင်ကြရတယ်။ မြင်းခြံမြို့က ကျောထောက်နောက်ခံကျေးရွာတွေများပြားတဲ့ မြို့ကြီးတစ်မြို့ပီပီ နေရာတိုင်း၊ လမ်းတိုင်းမှာ စည်စည်ကားကား ရှုပ်ရှုပ်ထွေးထွေးတွေ့မြင်နေရသလို အခုလိုဈေးနေရာမျိုးမှာ ပိုမိုစည်ကားရှုပ်ထွေးနေတယ်။ ဈေးအတွင်းမှာ သတိထားတွေ့မြင်နေရတာက ငါးခြောက်ဆိုင်ကြီးတွေ၊ ပဲကြော်ပဲလှော်ဆိုင်ကြီးတွေနဲ့ ပဲဆီ၊ နှမ်းဆီရောင်းတဲ့ဆိုင်ကြီးတွေပါ။ အတွေ့အကြုံရင့်ကျက်နေကြပြီဖြစ်တဲ့ ခရီးဖော်လူကြီးတွေရဲ့ပြောပြချက်အရ မြင်းခြံမြို့မှာ ရောင်းချနေတဲ့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေက ပြင်ဦးလွင်မြို့မှာထက် ပိုမိုဈေးသက်သာတယ်ဆိုတာနဲ့ ကောင်းနိုးရာရာ ငါးခြောက်တွေနဲ့ ပုစွန်ခြောက်တွေကို ဝယ်ယူခဲ့လိုက်တယ်။ ပုဂံပုန်းရည်ကြီးနဲ့အတူ အိမ်ပြန်လက်ဆောင်တွေ များပြားနေပါပြီ။

ဝယ်စရာရှိတာတွေကို ဝယ်ယူခဲ့ကြပြီး ဈေးအတွင်းကနေ ပြန်ထွက်လာကြတဲ့အချိန်ရောက်မှ လေ့လာကြည့်ရှုဝယ်ယူခဲ့ကြတဲ့ဈေးက မြင်းခြံမြို့မှာ အကြီးဆုံးဈေးတစ်ခုဖြစ်တဲ့ မြို့မစည်ပင်သာယာဈေးကြီး မဟုတ်ဘဲ အေးမြသီတာဈေးဆိုတာကို သိလိုက်ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဝယ်ယူစရာရှိတာတွေကို ဝယ်ယူခဲ့ကြပြီးပါပြီ။ အေးမြသီတာဈေးကနေ ပြန်ထွက်လာတဲ့အခါမှာလဲ စည်ကားရှုပ်ထွေးတဲ့ မြို့တွင်းလမ်းမကြီးကို ဖြတ်သန်းမောင်းနှင်ပြီးမှ မြို့ပြင်ကိုရောက်လာခဲ့ကြတယ်။ မြို့ပြင်ကိုရောက်ပြီး မကြာခင်မှာ တလုတ်လမ်းခွဲကို တွေ့မြင်ရတယ်။ ခရီးစဉ်မှာပါတဲ့ ရန္တပိုရွာက တလုတ်လမ်းခွဲကနေတစ်ဆင့် သွားရောက်ကြရမှာပါ။ လမ်းခွဲမှာ မေးမြန်းစုံစမ်းကြည့်တော့ တလုတ်လမ်းမှာ စစ်ဆေးရေးဂိတ်တွေရှိတယ်။



နွားထိုးကြီးမြို့ရှိ အင်ကြင်းကျောက်စေတီ

ထောက်ခံစာတွေ၊ အထောက်အထားတွေ ပြည့်စုံစွာပါမှ ဂိတ်တွေက ဖြတ်သန်းခွင့်ပြုတယ်။ နောက်ထပ်တစ်ခါ ရန္တပိုရွာမှာ လေ့လာကြည့်ရှုစရာ ဘာမှမရှိတဲ့အတွက် မသွားကြတာက အကောင်းဆုံးပဲဆိုပြီး ဒေသခံတွေကပြောဆိုအကြံပေးကြတာကြောင့် ရန္တပိုခရီးစဉ်ကို ဖျက်လိုက်ကြရပြီး ရှေ့ခရီးကို ဆက်ခဲ့ကြရတယ်။ မြင်းခြံမြို့ကိုတော့ လက်ပြနှုတ်ဆက်ခဲ့ကြရပါပြီ။

ဆက်လက်မောင်းနှင်ထွက်ခွာခဲ့တဲ့လမ်းက မြင်းခြံ-နွားထိုးကြီး-မြစ်သားလမ်းပါ။ နွားထိုးကြီးမြို့ကို ၁၉ မိုင်၊ မြစ်သားမြို့ကို မိုင် ၃၀ ကွာဝေးနေပါသေးတယ်။ နွားထိုးကြီးမြို့ကိုရောက်ရင် သမိုင်းဝင်ရှင်ပင်သာဒွန်းဦးဘုရားကို သွားရောက်ဖူးမြော်ကြမှာမို့ တလုတ်လမ်းခွဲကနေ စတင်ထွက်ခွာလာကတည်းက နွားထိုးကြီးမြို့က မြို့ခံမိတ်ဆွေစာရေးဆရာတွေကို ဖုန်းနဲ့ချိတ်ဆက်အကြောင်းကြားထားရတယ်။ လမ်းတွေကလဲကောင်း၊ ခရီးအကွာအဝေးကလဲ နည်းနေတာကြောင့် နွားထိုးကြီးမြို့ကို မကြာခင်မှာရောက်ရှိလာတယ်။

နွားထိုးကြီးကိုရောက်တော့ မြို့ခံစာပေအဖွဲ့တွေက အသင့်စောင့်ကြိုနေကြပြီး လက်ဖက်ရည်၊ မုန့်နဲ့ ညှိခံကျွေးမွေးကြတဲ့အပြင် ရှေးဟောင်းသမိုင်းဝင်ရှင်ပင်သာဒွန်းဦးဘုရားကို လိုက်လံပို့ဆောင်ပေးကြတယ်။ ဘုရားက မြို့အနီးလူနေအိမ်ခြေတွေ နည်းပါးတိတ်ဆိတ်တဲ့နေရာမှာပါ။ ဘုရားရဲ့အရှေ့မှာ နှစ်စဉ်ဘုရားပွဲပြုလုပ်ကျင်းပတယ်ဆိုတဲ့ ကွင်းကျယ်ကြီးတစ်ကွင်းလဲရှိနေတယ်။ ဘုရားထဲကို ဝင်လာကြတော့ ရှင်ပင်သာဒွန်းဦးဘုရားနဲ့အတူ များပြားလှတဲ့ ရှေးဟောင်းစေတီဘုရားတွေကို ထပ်မံတွေ့ရှိကြရတယ်။ အာရုံခံတန်ဆောင်းမှာ ဘုရားရှိခိုးကန်တော့ပြီးကြတာနဲ့ ဘုရားဝင်းထဲမှာရှိတဲ့ စေတီတော်တွေကို လှည့်ပတ်လေ့လာကြည့်ရှုကြရင်း ဖူးမြော်ကြရတယ်။ အချိန်က မနက် ၁၀ နာရီလောက် နေအပူဒဏ်ကို ကျရောက်ခံစားနေကြရပြီဖြစ်ပေမဲ့ ဘုရားစေတီတစ်ဆူနဲ့တစ်ဆူကို စောင်းတန်းတွေနဲ့ ဆက်သွယ်ပေးထားတာကြောင့် နေအပူဒဏ်ကနေ သက်သာနေကြရတယ်။ ဒါ့ပြင် ဘုရားဝင်းထဲမှာ အရိပ်ရသစ်ပင်ကြီးတွေရှိနေလို့ အနည်းငယ်အေးမြနေတယ်။ ရှင်ပင်သာဒွန်းဦးဘုရားက နွားထိုးကြီးမြို့နဲ့ နီးကပ်စွာတည်ရှိနေပေမဲ့ ဘုရားထဲမှာ ဘုရားဖူးဧည့်သည်တွေ မရှိသလောက်နည်းပါးနေတယ်။ ဒါကြောင့်လဲ နေရာအနှံ့ အေးအေးဆေးဆေး ဖူးမြော်လေ့လာခွင့်ရရှိနေကြတယ်။

ဘုရားဖူးအပြီး ပြန်ထွက်လာတာနဲ့ မြို့ခံစာပေမိတ်ဆွေက ရွှေတိဂုံစေတီတော်ကိုလဲ ရောက်တုန်းဖူးသွားကြပါအုံးဆိုပြီး ရှေ့ကနေ ဆိုင်ကယ်နဲ့ဦးဆောင်ခေါ်သွားတာကြောင့် နောက်ကနေကားမောင်းပြီး လိုက်ပါသွားခဲ့ရပြန်တယ်။ မြို့တွင်းကိုဖြတ်၊ မြင်းခြံ-နွားထိုးကြီး-မြစ်သားလမ်းမကြီးကိုလဲ ဖြတ်သန်းခဲ့ရပြီး နောက်ထပ်တစ်ခါ အေးချမ်းစိတ်ငြိမ်တဲ့ နေရာတစ်ခုကို ရောက်လာကြတယ်။ အုတ်တံတိုင်းခတ်ထားတဲ့ ခြံဝင်းကျယ်ကြီးတစ်ခုပါ။ ခြံဝင်းထဲကို ကားမောင်းပြီး ဝင်လိုက်တာနဲ့တစ်ပြိုင်နက် ညာဘက်အခြမ်းမှာ စေတီတော်ကြီးတစ်ဆူကို တွေ့မြင်ဖူးမြော်လိုက်ရတယ်။ ခြံဝင်းအတွင်းမှာ ကားရပ်လိုက်တာနဲ့ မိမိရဲ့ စာပေမိတ်ဆွေနဲ့အတူ အသက် ၇၀ ဝန်းကျင်လောက်ရှိနေပြီဖြစ်တဲ့ လူကြီးတစ်ဦးက ရပ်စောင့်ခရီးဦးကြိုဆိုနေကြတာကို တွေ့မြင်လိုက်ရတယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေ ကားပေါ်ကနေဆင်းဆင်းချင်း လာပါဆရာတို့ စေတီတော်ကြီးကို လေ့လာဖူးမြော်ကြရအောင်ဆိုတာနဲ့ စေတီတော်ကြီးရှိရာကို သွားရောက်ကြရတယ်။ စေတီတော်က ကားရပ်လိုက်တဲ့နေရာနဲ့ ပေ ၅၀ လောက်သာ ကွာဝေးပါတယ်။

စေတီတော်ရှိရာကို သွားကြရင်း၊ စကားပြော မိတ်ဆက်ကြရင်း မိမိတို့ခရီးဖော်အဖွဲ့ကို ကြိုဆိုနေသူက စေတီတော်ကြီးရဲ့ ဦးဆောင်ဒါယကာကြီးဖြစ်ကြောင်း သိလိုက်ရတယ်။ စေတီတော်ကြီးကို လွန်ခဲ့တဲ့တစ်နှစ်ကတည်းက သူကိုယ်တိုင်စီမံကြီးကြပ်တည်ထားခြင်းဖြစ်ကြောင်းနဲ့ စေတီတော်ကြီးတစ်ခုလုံးကို အင်ကြင်းကျောက်စစ်စစ်တွေနဲ့ တည်ထားကြောင်း၊ မြန်မာမှာသာမက ကမ္ဘာမှာ ပထမဦးဆုံးအင်ကြင်းကျောက်စေတီတော်ကြီးဖြစ်ကြောင်းတွေကို သိလိုက်ရလို့ အံ့ဩသွားရသလို ဝမ်းသာကြည်နူးသွားခဲ့ရတယ်။ စေတီတော်ကြီးက ဉာဏ်တော်အမြင့် ၂၇ ပေ၊ အကျယ် ၁၀၈ ပေရှိနေတယ်။ စေတီတော်ကြီးတစ်ခုလုံးကို အင်ကြင်းကျောက်တွေနဲ့ အနုစိတ်လက်ရာမြောက်စွာ တည်ဆောက်ထားတာကို မြင်တွေ့နေရလို့ ဒီလောက်များပြားလှတဲ့ အင်ကြင်းကျောက်တွေကို ဘယ်ကရပါသလဲမေးမြန်းကြည့်တော့ နွားထိုးကြီးဒေသဆိုတာ အင်ကြင်းကျောက်အမြောက်အမြားထွက်ရှိတဲ့ဒေသတစ်ခုဖြစ်ကြောင်း ထပ်မံသိရှိလိုက်ရတယ်။

စေတီတော်ကြီးရဲ့ ပုံသဏ္ဍာန်က ရွှေတိဂုံစေတီတော်ပုံတူဖြစ်သလို ဘွဲ့တော်အမည်ကိုလဲ မဟာအင်ကြင်းရွှေတိဂုံစေတီတော်ဆိုပြီး ပေးထားတယ်။ ဦးဆောင်ဒါယကာကြီးရဲ့ပြောပြချက်အရ စေတီတော်ကြီး တည်ဆောက်နေစဉ်မှာ လာရောက်လှူဒါန်းကြတဲ့ အင်ကြင်းကျောက်တွေက များပြားလွန်းတာကြောင့် မူလက စေတီတော်ကြီးရဲ့ ပတ်လည်မှာ အုတ်တံတိုင်းခတ်ကာရံထားမဲ့အစီအစဉ်ကိုဖျက်ပြီး စေတီတော်ကြီးရဲ့ပတ်လည်မှာ အခုအခါ သဘာဝအင်ကြင်းကျောက်တုံးကြီးနဲ့ ကာရံထားကြောင်း ရှင်းပြပြီး အင်ကြင်းကျောက်တုံးကြီးတွေကို လက်ညှိုးထိုးပြသတယ်။ စေတီတော်ပတ်လည်တစ်ခုလုံးမှာ လူတစ်ရပ်စာလောက်အမြင့်ရှိတဲ့ သဘာဝအင်ကြင်းကျောက်ကြီးတွေကို စီစီရီရီစိုက်ထူထားတာတွေ မြင်လိုက်ရလို့ ထပ်မံအံ့ဩသွားရပြန်တယ်။ စေတီတော်ကြီးကို တာဝန်ယူပြီး စီမံတည်ဆောက်တဲ့ ဦးဆောင်ဒါယကာကြီးက ကျောင်းဆရာဟောင်းတစ်ဦးပါ။ အနယ်နယ်အရပ်ရပ်မှာ ရောက်ရှိအလုပ်လုပ်ကိုင်နေကြတဲ့ သူ့ရဲ့တပည့်တွေက စေတီတော်ကြီးအတွက် လိုအပ်တဲ့အလှူငွေတွေကို ဝိုင်းဝန်းလှူဒါန်းကြတယ်လို့ဆိုတယ်။ ဒီလို အဘက်ဘက်က ပံ့ပိုးလှူဒါန်းမှုအားတွေနဲ့ ဦးဆောင်ဒါယကာကြီးက စေတီတော်ကြီးကို တည်ဆောက်ခြယ်စီထားတာပါ။

စေတီတော်ကြီးကို ဖူးမြော်လေ့လာပြီးတာနဲ့ အလုပ်ခန်းတစ်ခုထဲကို ခေါ်ဆောင်သွားတာကြောင့် လိုက်ပါကြည့်ရှုလေ့လာကြရတယ်။ အလုပ်ခန်းထဲမှာ စေတီတော်ကြီးတည်ဆောက်တဲ့အခါ လိုအပ်တဲ့အင်ကြင်းကျောက်တွေကို ပုံစံအမျိုးမျိုးနဲ့ ဖန်တီးပုံဖော်မှုတွေကို တွေ့မြင်ကြရတယ်။ ပုံဖော်ဖန်တီးမှုတွေအားလုံးက အလွန်လက်ရာမြောက်လှပပြီး အနုစိတ်လွန်းပါတယ်။ ဒါ့ပြင် အင်ကြင်းကျောက်တွေနဲ့ ပုံဖော်ထားတဲ့ လိပ်၊ ငှက်၊ ဘဲစတဲ့အကောင်မျိုးစုံတွေ၊ ဆေးလိပ်ခွက်၊ ပန်းအိုး၊ ပန်း၊ အဖုံးပါဘူးခွက်အမျိုးမျိုး၊ ငှက်ပျောသီး၊ ပန်းသီး၊ သရက်သီးစတဲ့ သစ်သီးပုံသဏ္ဍာန်အမျိုးမျိုးတွေကိုလဲ လှလှပပထူးထူးဆန်းဆန်းတွေ့မြင်နေကြရတယ်။ ပစ္စည်းတစ်ခုချင်းကိုကြည့်ရင် အချိန်တွေအမြောက်အမြားပေးပြီး ခက်ခက်ခဲခဲ သပ်သပ်ရပ်ရပ်ပုံဖော်ထားရတာကြောင့် စေတီတော်ကြီးတစ်ခုလုံးအတွက် ဘယ်လောက်ထိပင်ပန်းခဲယဉ်းစွာနဲ့ လုပ်ကိုင်တည်ဆောက်ခဲ့ရတယ်ဆိုတာကို ခန့်မှန်းသိရှိနိုင်ပါတယ်။

အလုပ်ခန်းမှာလေ့လာပြီး ပြန်ထွက်လာတော့ အိပ်ဆောင်တွေ၊ ထမင်းစားဆောင်တွေကို တွေ့လိုက်ရလို့ မေးမြန်းကြည့်တဲ့အခါ သက်ကြီးဘိုးဘွားတွေကို စောင့်ရှောက်ကျွေးမွေးထားတယ်ဆိုတာကို ထပ်မံသိလိုက်ရတယ်။ တိတိကျကျပြောရရင် ဘိုးဘွားရိပ်သာတစ်ခုပါ။ ဦးဆောင်ဒါယကာဆရာကြီးက ဘိုးဘွားရိပ်သာကို လုပ်ကိုင်ဆောင်ရွက်ရင်း မဟာအင်ကြင်းရွှေတိဂုံစေတီတော်ကို တည်ထားတာဖြစ်ပါတယ်။ ဘိုးဘွားရိပ်သာဆိုတာကို သိလိုက်ရတာနဲ့ လေ့လာစရာတစ်ခုတိုးသွားပြီး ဘိုးဘွားတွေရဲ့ အိပ်ဆောင်တွေ၊ ထမင်းစားဆောင်တွေ၊ တရားရှုမှတ်တဲ့ ဘုရားခန်းတွေနဲ့ ဘိုးဘွားတစ်ဦးတစ်ယောက်ချင်းစီကို လေ့လာခွင့်ရရှိခဲ့တယ်။ ရိပ်သာမှာ ဘိုးဘွားအရေအတွက်တော့ နည်းပါးနေပါသေးတယ်။

စေတီတော်ကြီးကိုဖူးအပြီး၊ ရိပ်သာမှာလေ့လာအပြီး တတ်အားသရွေ့အလှူငွေတွေ လှူဒါန်းပြီးတာနဲ့ မြို့တွင်းကိုပြန်လာကြပြီး နေ့လယ်စာစားသောက်ကြရတယ်။ နေ့လယ်စာစားသောက်ပြီး အပြန်ခရီးမှာ မြစ်သားမြို့ကို မဝင်ကြတော့ဘဲ ပြင်ဦးလွင်မြို့ရှိရာကို ဆက်လက်မောင်းနှင်လာခဲ့တာ ညနေ ၅ နာရီမထိုးခင် အိမ်ကိုပြန်ရောက်ခဲ့ကြတယ်။ အခုခရီးစဉ်မှာ အထူးခြားဆုံးကတော့ မြန်မာမှာသာမက ကမ္ဘာ့ပထမဦးဆုံး အင်ကြင်းကျောက်စေတီတော်ကြီးကိုဖူးမြော်လေ့လာခဲ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ရေးသားလိုက်ပါတယ်။

# စနေနေ့ညမှာကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက နောက်တစ်ဆင့်တက်ရောက်ဖို့ ကြိုးစားနေတဲ့ ယူကရိန်းအသင်း၊ ဖင်လန်အသင်း၊ ဟန်ဂေရီအသင်းတို့ကို အားပေးရမှာပါ

ML



ဒီတစ်ပတ်မှာတော့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ရပ်နားသွားပေမဲ့ နိုင်ငံပွဲစဉ်တွေထဲက ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုအားကောင်းတဲ့ ပွဲစဉ်တွေကို ဆက်လက်ကြည့်ရှုရအုံးမှာပါ။ အဲဒီထဲက ခြေစစ်ပွဲတက်ရောက်ဖို့ သေချာနေတဲ့ အသင်းတွေကတော့ အဓိက ကစားသမားတွေကို ခေါ်ယူမှုမလုပ်တော့ဘဲ အရန်ကစားသမားတွေနဲ့သာ ပွဲထွက်ဖို့ပြင်နေတာကို တွေ့ရမှာပါ။ လာမဲ့စနေနေ့ညပွဲစဉ်တွေမှာတော့ နောက်တစ်ဆင့်တက်ဖို့ မဖြစ်မနေရမှတ်လိုအပ်နေပြီး ယူရိုခြေစစ်ပွဲမှာ ခြေစွမ်းပြသနေတဲ့ အသင်းတွေကိုသာ အားပေးသွားမှာဖြစ်ပါတယ်။

## ယူကရိန်းအသင်း အနိုင်ရမှာပါ

ယူရို ၂၀၂၄ ခြေစစ်ပွဲအုပ်စုပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ယူကရိန်းအသင်းနဲ့ မြောက်မက်ဆီဒိုးနီးယားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ခြေစစ်ပွဲအုပ်စု (C) မှာ အင်္ဂလန်၊ အီတလီ၊ မော်လ်တာတို့နဲ့ တွေ့ဆုံနေတာကို တွေ့ရမှာပါ။ ယူကရိန်းအသင်းဟာ နိုင်ငံအတွင်း မငြိမ်သက်မှုတွေကြောင့် အိမ်ကွင်းပွဲစဉ်တွေကို အခြားဥရောပနိုင်ငံကွင်းတွေမှာ ကစားနေတာဖြစ်ပြီး ငါးပွဲကစားအပြီးမှာတော့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ရမှတ်ခုနစ်မှတ်နဲ့ အဆင့်(၃)မှာရောက်နေပေမဲ့ အဆင့်(၂) က အီတလီအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်သာရှိတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ပွဲစဉ်ငါးပွဲမှာ သူတို့အသင်းရှုံးခဲ့တာကလဲ အီတလီ၊ အင်္ဂလန်တို့လို ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေဖြစ်တာကြောင့် အခုလို မြောက်မက်ဆီဒိုးနီးယားနဲ့တွေ့ချိန်မှာ နောက်တစ်ဆင့်အတွက် မဖြစ်မနေ နိုင်ပွဲရှာရမှာဖြစ်ပါတယ်။ အခုအုပ်စုမှာလဲ ယူကရိန်းဟာ ခြေစစ်ပွဲအောင်ဖို့အတွက် အင်္ဂလန်နဲ့ အီတလီတို့ကိုသာ အကြိတ်အနယ်ကစားရမဲ့အခြေအနေမှာရှိနေပြီး မြောက်မက်ဆီဒိုးနီးယားလိုအသင်းကိုတော့ အနိုင်ရဖို့မခက်ပါဘူး။

မြောက်မက်ဆီဒိုးနီးယားအသင်းဟာ အိမ်ကွင်းကစားပုံ ကောင်းမွန်ပေမဲ့ အဝေးကွင်းတွေမှာတော့ ခြေစွမ်းပိုင်းက သာမန်အဆင့်သာရှိတာဖြစ်ပါတယ်။ လက်ရှိ ငါးပွဲကစားအပြီးမှာလဲ မော်လ်တာအသင်းကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲနိုင်ခဲ့တာကြောင့် ရမှတ်ခြောက်မှတ်ရခဲ့ပြီး အီတလီကို အိမ်ကွင်းမှာ သရေရလဒ်ကစားလို့ ရမှတ်ခုနစ်ရရှိခဲ့တာကို တွေ့ရမှာပါ။ ကျန်ပွဲတွေမှာတော့ ရှုံးခဲ့ပြီး ပေးဂိုးများခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ယူကရိန်းနဲ့ ပထမအကျော့အိမ်ကွင်းပွဲစဉ်မှာလဲ ဂိုးပြတ်ဦးဆောင်နိုင်ခဲ့ပြီးမှ ဒုတိယပိုင်းမှာ ခံစစ်ပိုင်းကျဆင်းသွားလို့ ချေပဂိုးနဲ့ ဦးဆောင်ဂိုးတွေ ဆက်တိုက်ပေးခဲ့ရပြီး ရှုံးခဲ့တာကို သတိပြုရမှာပါ။ အဲဒီပွဲစဉ် အရှုံးရလဒ်ဟာ သူတို့အသင်းရဲ့ ခြေစစ်ပွဲအောင်မြင်ဖို့ မျှော်လင့်ချက် အားနည်းသွားခဲ့ရပြီး ကစားသမားတွေအနေနဲ့လဲ လိုအပ်ချက်များစွာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် နောက်တစ်ဆင့်တက်ရောက်ရေး အဓိကကျနေပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံမှာတော့ ယူကရိန်းက မြောက်မက်ဆီဒိုးနီးယားထက်သာနေတာဖြစ်ပါတယ်။ ဒါ့ပြင် မြောက်မက်ဆီဒိုးနီးယားဟာ ယူကရိန်းနဲ့ တွေ့ဆုံခဲ့တဲ့ နောက်ဆုံးလေးပွဲမှာလဲ တစ်ပွဲမှ အနိုင်မရခဲ့တာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ယူကရိန်းအသင်းအနိုင်ရမှာပါ။

### ယူကရိန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျာမနီ | ၃ | - | ၃ | ယူကရိန်း |
| မြောက်မက်ဆီဒိုးနီးယား | ၂ | - | ၃ | ယူကရိန်း |
| ယူကရိန်း | ၁ | - | ၀ | မော်တာ |
| ယူကရိန်း | ၁ | - | ၁ | အင်္ဂလန် |
| အီတလီ | ၂ | - | ၁ | ယူကရိန်း |

### မြောက်မက်ဆီဒိုးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မြောက်မက်ဆီဒိုးနီးယား | ၁ | - | ၀ | ဖာရိုးကျွန်းစု |
| မြောက်မက်ဆီဒိုးနီးယား | ၂ | - | ၃ | ယူကရိန်း |
| အင်္ဂလန် | ၇ | - | ၀ | မြောက်မက်ဆီဒိုးနီးယား |
| မြောက်မက်ဆီဒိုးနီးယား | ၁ | - | ၁ | အီတလီ |
| မော်တာ | ၀ | - | ၂ | မြောက်မက်ဆီဒိုးနီးယား |

## ဖင်လန်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ယူရိုခြေစစ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဆလိုဗေးနီးယားအသင်းနဲ့ ဖင်လန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆလိုဗေးနီးယားအသင်းဟာ ခြောက်ပွဲကစားအပြီးမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၃ မှတ်နဲ့ ဦးဆောင်နေပေမဲ့ ဒုတိယနေရာက ဒိန်းမတ်နဲ့ရမှတ်တူနေသလို အဆင့် (၃) နဲ့ အဆင့်(၄) က အသင်းတွေဖြစ်တဲ့ ဖင်လန်နဲ့ ကာဇက်စတန်အသင်းတို့နဲ့လဲ ရမှတ်တစ်မှတ်သာ ကွာဟနေတာကို တွေ့ရမှာပါ။ ဆလိုဗေးနီးယားအသင်းဟာ အုပ်စု (H) မှာ ဒိန်းမတ်၊ ဖင်လန်၊ ကာဇက်စတန်၊ မြောက်အိုင်ယာလန်၊ ဆန်မာရီနိုတို့နဲ့တွေ့ဆုံခဲ့ပြီး မြောက်အိုင်ယာလန်၊ ဆန်မာရီနိုတို့ကို အနိုင်ရခဲ့ပေမဲ့ ဒိန်းမတ်ကို သရေနဲ့ ဖင်လန်ကိုရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းရဲ့ခြေစွမ်းပိုင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းတဲ့ အသင်းနှစ်သင်းကိုသာ အနိုင်ရခဲ့လို့ သတိထားစရာဖြစ်နေပါတယ်။ ဒါကြောင့် ဆလိုဗေးနီးယားအသင်းဟာ ဖင်လန်အသင်းကိုနိုင်ဖို့အတွက် လိုအပ်ချက်ရှိနေပြီး တိုက်စစ်ကို ဦးဆောင်နေတဲ့ ဆက်ကို၊ စပိုရာတို့အနေနဲ့ အတွေ့အကြုံပိုင်းအားနည်းနေတာကို တွေ့ရမှာပါ။

ဖင်လန်အသင်းဟာ အခုအုပ်စုမှာ ခြေစွမ်းပိုင်းတိုးတက်လာတဲ့ အသင်းဖြစ်ပေမဲ့ ပြီးခဲ့တဲ့ ဒိန်းမတ်အသင်းနဲ့ ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့တာကြောင့် ခြေစစ်ပွဲအောင်ဖို့အတွက် ခက်ခဲမှုရှိလာတာကို တွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းဟာ ခြောက်ပွဲကစားအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၂ မှတ်ရရှိခဲ့ပြီး သူတို့ရှုံးခဲ့တာကလဲ ဒိန်းမတ်လို ခြေစွမ်းပိုင်းနဲ့ အတွေ့အကြုံပိုင်းကောင်းတဲ့အသင်းကို နှစ်ကျော့စလုံး ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖင်လန်အသင်းဟာ အခုပွဲစဉ်ကို အနိုင်ကစားနိုင်မယ်ဆိုရင် ဥရောပခြေစစ်ပွဲအောင်ဖို့ သေချာသလောက်ရှိနေပြီး နောက်ပွဲစဉ်တွေဟာ သူတို့အသင်းအတွက် ခက်ခဲမှုမရှိတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ယူရို ၂၀၂၀ ကစလို့ ခြေစစ်ပွဲပြန်လည်ဝင်ခွင့်ရခဲ့ပြီး အခုပြိုင်ပွဲမှာလဲ ခြေစစ်ပွဲအောင်ဖို့ အခွင့်အရေးကောင်းကို ဆုံးရှုံးခံမှာမဟုတ်တာကြောင့် ခံစစ်အားပြုကစားလာမှာ သေချာပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာ ဖင်လန်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ အသာရခဲ့ပြီး လက်ရှိကစားအားနဲ့ စုဖွဲ့မှုအပိုင်းမှာလဲ အသာရနေတာကြောင့် ဖင်လန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဆလိုဗေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆလိုဗေးနီးယား | ၂ | - | ၀ | ဆန်မာရီနို |
| ဖင်လန် | ၂ | - | ၀ | ဆလိုဗေးနီးယား |
| ဆလိုဗေးနီးယား | ၁ | - | ၁ | ဒိန်းမတ် |
| ဆလိုဗေးနီးယား | ၄ | - | ၂ | မြောက်အိုင်ယာလန် |
| ဆန်မာရီနို | ၀ | - | ၄ | ဆလိုဗေးနီးယား |

### ဖင်လန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မြောက်အိုင်ယာလန် | ၀ | - | ၁ | ဖင်လန် |
| ဖင်လန် | ၂ | - | ၀ | ဆလိုဗေးနီးယား |
| ဖင်လန် | ၆ | - | ၀ | ဆန်မာရီနို |
| ကာဇက်စတန် | ၀ | - | ၁ | ဖင်လန် |
| ဖင်လန် | ၀ | - | ၁ | ဒိန်းမတ် |

## ဟန်ဂေရီအသင်းကို ရွေးချယ်ရမှာပါ

ယူရို ခြေစစ်ပွဲအုပ်စုပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဟန်ဂေရီနဲ့ ဆားဘီးယားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဟန်ဂေရီအသင်းဟာ ဥရောပကလပ်အသင်းငယ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့သာ စုဖွဲ့ထားပေမဲ့ အသင်းလိုက်ကစားအားကောင်းနေတာကြောင့် အသင်းကြီးတွေကိုတောင် အိမ်ကွင်းမှာ အနိုင်ရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ခြေစစ်ပွဲလေးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားသလို အခြားအသင်းတွေထက် တစ်ပွဲလျော့ကစားထားတာကို တွေ့ရမှာပါ။ ဟန်ဂေရီဟာ အုပ်စု (G) မှာ ဆားဘီးယား၊ မွန်တီနီဂရိုး၊ ဘူလ်ဂေးရီးယား၊ လစ်သူရေးနီးယားတို့နဲ့ ကျရောက်နေခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုဆားဘီးယားနဲ့ပွဲစဉ်က ခြေစစ်ပွဲအောင်ဖို့ အဆုံးအဖြတ်ဖြစ်နေတာကြောင့် နည်းပြ ရော့ဆီအနေနဲ့ ပထမအကျော့ကအတိုင်း ဘောလုံးပိုင်ဆိုင်မှုအသားပေးပြီး ပြိုင်ဘက်ကို ဖိအားပေးသွားမလားဆိုတာ စောင့်ကြည့်သွားရမှာပါ။ သူတို့အသင်းဟာ ၂၀၁၆ ခုနှစ်မှသာ ခြေစစ်ပွဲဆက်တိုက်အောင်ခဲ့ပြီး ခြေစွမ်းပိုင်းတိုးတက်လာခဲ့တာကို တွေ့ရမှာပါ။

ဆားဘီးယားအသင်းဟာ အခုအုပ်စုမှာ ကစားသမားစုဖွဲ့မှု အကောင်းဆုံးအသင်းဖြစ်ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ကစားပုံကျဆင်းခဲ့တာကြောင့် ရလဒ်ကျဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ငါးပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၀ မှတ်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဟန်ဂေရီကို အိမ်ကွင်းမှာရှုံးခဲ့ပြီး ဘူလ်ဂေးရီးယားကို အဝေးကွင်းမှာ သရေရလဒ်သာ ကစားနိုင်ခဲ့တဲ့ အခြေအနေတွေက ခြေစစ်ပွဲအောင်မြင်ဖို့ ခက်ခဲသွားတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ယူဂိုဆလားဗီးယားပြည်ထောင်စုက ခွဲထွက်ပြီးနောက်ပိုင်း ယူရိုပြိုင်ပွဲမှာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိသလို လက်ရှိမှာလဲ ကစားကွက်ပိုင်း အားနည်းချက်တွေရှိနေတာကြောင့် ဟန်ဂေရီအိမ်ကွင်းမှာ ရှုန်းကန်ရမှာသေချာပါတယ်။ သူတို့အသင်းနည်းပြအနေနဲ့ ပထမအကျော့ကအတိုင်း ပွဲထွက်လာမယ်ဆိုရင်တော့ အခုပွဲစဉ်မှာရှုံးပွဲကြုံဖို့များနိုင်တာကြောင့် နည်းစနစ်ပိုင်းပြောင်းလဲလာမှာသေချာပါတယ်။ ဒါပေမဲ့ ဟန်ဂေရီဟာ အိမ်ကွင်းမှာ ဂျာမနီ၊ အင်္ဂလန်တို့လို ထိပ်သီးအသင်းကြီးတွေကိုတောင် ဖိအားပေးအနိုင်ယူခဲ့တာကြောင့် ခြေစွမ်းပိုင်းကောင်းနေတဲ့ ဟန်ဂေရီအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဟန်ဂေရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟန်ဂေရီ | ၃ | - | ၀ | ဘူလ်ဂေးရီးယား |
| မွန်တီနီဂရိုး | ၀ | - | ၀ | ဟန်ဂေရီ |
| ဟန်ဂေရီ | ၂ | - | ၀ | လစ်သူရေးနီးယား |
| ဆားဘီးယား | ၁ | - | ၂ | ဟန်ဂေရီ |
| ဟန်ဂေရီ | ၁ | - | ၁ | ချက် |

### ဆားဘီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မွန်တီနီဂရိုး | ၀ | - | ၂ | ဆားဘီးယား |
| ဆားဘီးယား | ၃ | - | ၂ | ဆွဒန် |
| ဘူလ်ဂေးရီးယား | ၁ | - | ၁ | ဆားဘီးယား |
| ဆားဘီးယား | ၁ | - | ၂ | ဟန်ဂေရီ |
| လစ်သူရေးနီးယား | ၁ | - | ၃ | ဆားဘီးယား |

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။
**ကျန်းမာရေးဝန်ကြီးဌာန**

ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာ



**ရန်ကုန် အောက်တိုဘာ ၁၂**

မွန်ပြည်နယ်တွင် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသဖြင့် ရော်ဘာစိုက်ဧက တစ်နှစ်ထက်တစ်နှစ်တိုးတက်များပြားလာကြောင်း မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

မွန်ပြည်နယ်၏ ရေမြေသဘာဝနှင့် ရာသီဥတုများသည် နှစ်ရှည်သီးနှံပင်များဖြစ်သည့် ရော်ဘာ၊ သီဟိုဠ်၊ ကျွဲကော၊ ဒူးရင်းနှင့် မြေပြန့်ကော်ဖီ စသည့်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်သည့်အခြေအနေတွင် ရှိနေကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးသီးနှံများအနက် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိနေသဖြင့် တစ်နှစ်ထက်တစ်နှစ် စိုက်ဧက တိုးတက်များပြားလာခဲ့ခြင်းဖြစ်ကြောင်း၊ မွန်ပြည်နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ရော်ဘာ ၄၉၇၅၂၁ ဧကသာရှိခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရော်ဘာ ၅၀၂၁၄၁ ဧကထိတိုးမြင့်လာခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စိုက်ဧကထုတ်ပြန်ထားခြင်းမရှိသော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရော်ဘာ ၅၀၄၉၈၈ ဧကထိ တိုးမြင့်လာကာ ယခုဘဏ္ဍာနှစ်တွင် ရော်ဘာ ၅၀၆၄၄၄ ဧကထိ ဆက်လက်တိုးမြင့်လာကြောင်း သိရသည်။

ထို့ကြောင့် မွန်ပြည်နယ်တွင် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ်ထိ ရော်ဘာ ၈၉၂၃ ဧကထိ တိုးမြင့်စိုက်ပျိုးလာခဲ့ကြောင်း၊ မွန်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများမှာ ယခုဘဏ္ဍာနှစ်အတွင်း ရော်ဘာ ၅၀၆၄၄၄ ဧကစိုက်ပျိုးခဲ့ရာတွင် အစေးလှီးရော်ဘာ ၃၄၈၃၉၄ ဧကထိ ဆောင်ရွက်နိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ အထွက်နှုန်းမှာ ၁၅၅ ဒသမ ၃၇ ပေါင်ထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

ရော်ဘာဈေးနှုန်းအနေဖြင့် အောက်တိုဘာလ ပထမပတ်တွင် RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၁၆၂၀၊ RSS-5 တစ်ပေါင်လျှင် ငွေကျပ် ၁၆၀၀ ဈေးနှုန်းရရှိနေခဲ့ရာမှ အောက်တိုဘာလ ဒုတိယပတ်တွင် RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၁၇၀၀၊ RSS-5 တစ်ပေါင်လျှင် ငွေကျပ် ၁၆၃၀ ထိ ဈေးနှုန်းများ ထပ်မံမြင့်တက်လာခဲ့သဖြင့် ရော်ဘာစိုက်ပျိုးသူများ တွက်ခြေကိုက်မှုရှိနေကြောင်း သိရသည်။

လက်ရှိတွင် မွန်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန (မော်လမြိုင်)က ရော်ဘာမျိုးသစ်ထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင် ထုတ်လုပ်ဖြန့်ဖြူးမှု၊ ပြည်တွင်းရော်ဘာမျိုးနှင့် အိန္ဒိယရော်ဘာမျိုး ယှဉ်ပြိုင်စမ်းသပ်ဆောင်ရွက်မှုနှင့် ရော်ဘာမျိုးအလိုက် ကျရောက်တတ်သော ရောဂါများ သုတေသနပြုလုပ်မှုစသည့်လုပ်ငန်းများကို ဆောင်ရွက်ပြီး ရော်ဘာစိုက်ပျိုးသူများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေကြောင်း သိရသည်။

(၃၃၆)

# ချောက်မြို့နယ် ပြည့်ပင်ရွာသစ်ကျေးရွာ၌ Box Culvert နှစ်စင်းတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ချောက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မြို့ပြနှင့် ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည့်ပင်ရွာသစ်ကျေးရွာ၌ Box Culvert နှစ်စင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပြည့်ပင်သစ်ကျေးရွာ၌ Box Culvert နှစ်စင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပြည့်ပင်ရွာသစ်ကျေးရွာ၌ ကျေးရွာအဝင်လမ်းပေါ်တွင်အရှည် ငါးပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ငါးပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ထိန်းရန်ပုံငွေကျပ် ၁၆ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြည့်ပင်ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၂၀၀ အိမ်၊ လူဦးရေ ၉၀၀ တို့အတွက် ရာသီမရွေးသွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်ထံမှ သိရသည်။

ဝင်းမာ

**စာအုပ်စာပေ လူ့မိတ်ဆွေ**






ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

# မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံခန်းမ





## ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂

---

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

# ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

အာရေဗီးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

---

## ဝန်ထမ်းအလိုရှိသည်

1. **အရောင်းစာရေးမ** (2) ဦး
2. **အရောင်းစာရေး** (1) ဦး
3. **စာရင်းကိုင်စာရေးမ** (1) ဦး
4. **(Driver) (အိမ်နေ)** (2) ဦး

- အမှတ်စဉ် (1), (2) အတွက် ဘွဲ့ရရှိပြီးသူဖြစ်ရမည်။စိတ်ရှည်ရမည်။ စကားပြောဆိုပြေပြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အမှတ်စဉ် (3)အတွက် ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ စာရင်းနှင့်ပတ်သက်သည့်ဘွဲ့တစ်ခုခုရရှိရမည်။
- အမှတ်စဉ်(4)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ စိတ်ပါဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ဓာတ်ပုံ (2)ပုံနှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

*** မှတ်ချက်** * အမှတ်စဉ်အားလုံးအတွက် အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
09-5069199 , 02-4069291

---

## ဝန်ထမ်းအလိုရှိသည်

Kedia Lights လျှပ်စစ်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

(၁) **ဆိုင်ကူ+ယာဉ်မောင်း ကျား (၁-ဦး)**
-ယာဉ်မောင်းလိုင်စင်ရှိရမည်။
-ကားမောင်းကျွမ်းကျင်ရမည်။
လစာ ၂၀၀၀၀၀/- ရက်မှန်ကြေး ၂၀၀၀၀

(၂) **Electronic ပိုင်း Circuit ပိုင်းကျွမ်းကျင်+ဆိုင်ကူ ကျား(၁-ဦး)**
-လစာ ၂၀၀၀၀၀/- ရက်မှန်ကြေး ၂၀၀၀၀

လိုအပ်သောစာရွက်စာတမ်းများယူဆောင်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

**No.283, 81, (26×27), Mandalay**

စာအုပ်စာပေ လှူမိတ်ဆွေ

---

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့ ပင်လယ်စာဆိုင်တွင်တာဝန်ထမ်းဆောင်ရန်-

(၁) **ပစ္စည်းပို့ဝန်ထမ်း** (၃) ဦး
- ဆိုင်ကယ်လိုင်စင်ရှိရမည်။
- မှတ်ပုံတင်မူရင်းရှိရမည်။
- အခြေခံလစာ 220000
- ရက်မှန်ကြေး 20000

(၂) **ကုန်တင်/ ကုန်ချလုပ်သား** (၃) ဦး
- မှတ်ပုံတင်မူရင်းရှိရမည်။
- အခြေခံလစာ 245000
- ရက်မှန်ကြေး 30000

နေစရာပေးသည်။ စားစရာမပေးပါ။ CV Form နှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Ph; 09-254552882

---

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

Account No.29 ဦးစိန်လှ (၉/တတဥ(နိုင်)၀၀၈၂၄၅) ပိုင်ဆိုင်သော Share Certificate No.00021, 00209, 00571, 00905, 012312 မှာ အမှန်တကယ်ပျောက်ဆုံးကြောင်း MSD Co.,Ltd သို့ အကြောင်းကြားလာပါသည်။ Certificate အသစ်ပြန်လည်ထုတ်ပေးမည်ဖြစ်ပါ၍ ခိုင်လုံသော အထောက်အထားရှိပါက ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**MSD Co.,Ltd**
**09-402511195 , 09-798596987**

ကိုယ်တင်ကာကွယ် မီးအန္တရာယ်

---

## ဝန်ထမ်းအလိုရှိသည်

စွယ်တော်ကားကွင်းတွင် တာဝန်ထမ်းဆောင်ရန်

(၁) **ငွေခံစာရေးမ** (၁) ဦး
- မှတ်ပုံတင်မူရင်းရှိရမည်။
- အခြေခံလစာ 180000
- ရက်မှန်ကြေး 20000

Ph; 09-254552882

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အ. မ. က ရွာသစ်(၇)ကျောင်းတွင် ဒုတိယမူလတန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်မင်းမင်းမျိုး(၉/မသန(နိုင်)၁၄၁၅၇၃)၏ဖခင်အမည်မှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ဦးမိုးသန့် ဖြစ်ပါကြောင်း။

**ဦးမိုးသန့်(၉/ မသန(နိုင်)၀၀၆၃၄၁)**

---

ပလင်းတန် ပွံ့ဖြိုးဖို့ စာအုပ် စာပေ ဖတ်ကြစို့

---

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိသားစုတစ်ခုရဲ့ အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ် မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှုအရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာမဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)**

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ချီးမြှင့်




**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူးပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေခွန်စံလွင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊

**စာမျက်နှာ ၂၀ ကော်လံ ၁** ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ မြို့၊ ခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**အားမာန်ပြည့်ခိုင် စွမ်းဆောင်နိုင်ရင်ဆိုင်မြဲပေ တပ်မတော်(လေ)**
ဆောင်းပါး စာမျက်နှာ - ၄

**လှည်းကူးမြို့နယ်နှင့် ပဲခူးမြို့အတွင်းရှိ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေး**
စာမျက်နှာ - ၂၂

**တစ်ကမ္ဘာလုံး၌ ရာသီဥတုလွန်ကဲမှုကြောင့် လာမည့်ငါးနှစ်တာကာလအတွင်း စီးပွားရေးကဏ္ဍတွင် ကန်ဒေါ်လာငါးထရီလီယံခန့် ဆုံးရှုံးနစ်နာဖွယ်ရှိနေ**
စာမျက်နှာ - ၂၃

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar